
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀။

နှာဖုံးနှင့် အတွင်းပုံနှိပ် — ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြ ၀၀၀၇၇)၊
အမှတ် (၁၄၅)၊ နှင်းဆီခြံလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

တ်ဝေသူ — ဦးအောင်မြင့် (မြ ၀၀၂၇၆)၊ အောင်မြင်စာပေ။

ချိရေး — အောင်မြင်စာပေ၊ အမှတ် (၁) အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာ ဒီလိုကံကြမ္မာမျိုးနဲ့ ဆုံစည်းရတာ
နောက်ဆုံး ဖြစ်ပါစေလို့...တို့ ဆုတောင်းကြ
မယ်နော် မိုး၊ ကိုယ်တို့အချစ်ဟာ တကယ်
စစ်မှန်ရင် သံသရာတကွေ့မှာ ပြန်ဆုံတွေ့
ရဦးမှာပါ။

ကမ္ဘာ

ကိုယ့်ကို ဘာဖြစ်လို့ ခွဲသွားမှာလဲဟင်...
ကိုယ်ချစ် တာ မသိဘူးလား၊ ကိုယ့်အနားမှာ
မနေပေးတော့ဘူးလား...၊ ကမ္ဘာကပဲ
ကိုယ့်အတွက် ပေးဆပ်ခဲ့ရတာ၊ ကိုယ်ကရော
ကမ္ဘာ့ အတွက် ပေးဆပ်ခွင့် မရှိတော့ဘူးလား။

မြမိုးစက်

www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး...ငါ့သားရယ်၊ သေတဲ့အထိ

အမေ့ကို လုပ်ကျွေးသွားတာလား...၊

ဒီငွေကို အမေ ဘယ်လိုစားရက်မှာလဲ၊

အမေ ဘယ်လိုမျိုကျမှာလဲ။

ဒေါ်လှလှကြူ (ကမ္ဘာ့မိခင်)

အန်တီလေး..မလွတ်မကျွတ်သေးတဲ့

ဝိညာဉ်တွေကို ကူညီခွင့်ရတာ

သိပ်ကျေနပ်တယ် သိလား၊ အန်တီ


ကူညီဖို့ နောက်တစ်ယောက် ရှိသေးတယ်။

ဒေါ်ဖြူဖြူအေး (လူခြောက်ကလေးရဲ့မိခင်)

အကြားအမြင်ပေါ ဆရာမကြီး

www.burmeseclassic.com

www.burmeseclassic.com



မင်း အိမ်ထဲတော့ ဝင်ခွင့်မရဘူး၊ ဒါပေမယ့်
မင်းအမေ ကို မြင်ရအောင်တော့…
ငါဖန်ဆင်းပေးမယ်။

အိမ်စောင့်နတ်

မင်းမပေးဘူးလား…ငါကိုယ်တိုင် ချွတ်ယူရင်
မင်း…ဂုတ်ကျိုးသွားမယ်နော်။

ဒယ်နီရယ်(ကုက္ကိုတစ္ဆေ)

မှော်ဆရာကလည်း ငယ်ငယ်လေးနော်၊
ဇာတ်လမ်း တွေထဲကလို နှုတ်ခမ်းမွှေး
ကားကားကြီးနဲ့ ကြိမ်လုံးကြီးနဲ့ မဟုတ်ဘူး၊
မျက်နှာလေးကလဲ ချောမွတ်နေတာပဲ၊
မြမိုးစက်ရေ… ယူ့မှော်ဆရာကို
ကိုယ်တောင် ရင်ခုန်လာပြီ။

ချို

www.burmeseclassic.com

www.burmeseclassic.com



မြှိုးစက် ခုတလော ကံနိမ့်နေသလား မသိဘူး၊
ညက လည်း အိပ်မက်ဆိုး မက်ပြီး ထအော်
နေတာ၊ ကိုယ်တောင် အိပ်ရေးပျက်တယ်၊
ခုလဲ သရဲခြောက်ခံရတယ်ဆိုတော့...ယူ...
တစ်ခုခုတော့ ကာဗာယူထားသင့်ပြီ မြှိုးစက်။

အေး

ကုက္ကိုပင်ကြီးအောက်မှာ ဒယ်နီရယ် သေပြီး
ကထဲက ခြောက်တယ်ဆိုတဲ့အသံ ထွက်လာ
တော့တာပဲ၊ ဂျက်စမင်ကတော့ ဘဝကူးကောင်း
သွားတယ် ထင်ပါရဲ့ ခြောက်တယ် ပြောသံ
မကြားရဘူး။

ဒေါ်မီမီသော်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အခန်း(၁) လွင့်ပါးသွားသော ဝိညာဉ်ကလေး

အခန်း(၂) ဒုက္ခပေးမယ့် ပုလဲလော့ကက်

အခန်း(၃) လော့ကက်ရဲ့ပိုင်ရှင်အစစ်က

အခန်း(၄) သရဲကို စိန်ခေါ်ရဲသူ

အခန်း(၅) မိုးသောက်ဝိညာဉ်

အခန်း(၆) မျက်လုံးနှစ်လုံးသာ ရှိသောသရဲ

အခန်း(၇) ကိုယ်ယောင်ဖျောက်တတ်တဲ့ဝိညာဉ်

အခန်း(၈) ခဲမထိတဲ့ဝိညာဉ်

အခန်း(၉) အိမ်ထဲက စောင့်နေတဲ့သရဲ

အခန်း(၁၀) နာနာဘာဝ ကြောင်မည်းကြီး

အခန်း(၁၁) ကုက္ကိုဂုတစ္ဆေရာဇဝင်

အခန်း(၁၂) အကြားအမြင်ရတဲ့ လူချောက်ကလေး

အခန်း(၁၃) ဖန်လုံးထဲက နာနာဘာဝ

အခန်း(၁၄) တောက်တဲ့တဖြစ်လဲ နာနာဘာဝ

အခန်း(၁၅) ကြေကွဲဝိညာဉ်

အခန်း(၁၆) အိမ်စောင့်နတ်နဲ့ တွေ့တဲ့ဝိညာဉ်

ဇာတ်သိမ်း လွင့်ပါးသွားသော ဝိညာဉ်ကလေး


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁)

# လွင့်ပါးသွားသော ဝိညာဉ်ကလေး

ပိန်းပိတ်နေသော အမှောင်ထုကြီးထဲမှ သူ အတင်းရုန်းထွက်၏။ မရ. . .။ သူ့ခန္ဓာကိုယ်တွင် ရှိသမျှ အားအင်များ တစ်စထက်တစ်စ ယုတ်လျော့လာသည်။

သူ တစ်ခုခုကို ဖမ်းဆုပ်ဖို့ ကြိုးစားသည်။ သူ့ခန္ဓာကိုယ်က ဘယ်ကိုမှ ပြေးကပ်လို့မရဘဲ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ. . သူ. . သေရတော့မှာပေါ့. . .။

ထိုအတွေး. . . ထိုအသိ. . . အာရုံထဲ ဝင်လာလျှင် သူ အတော်စိတ်ပျက်အားငယ်ကာ. . ဆုံးရှုံးရတော့မည့် ဘဝတစ်ခု အတွက် နှမြောခြင်းကြီးစွာဖြင့် ကြေကွဲချင်လာသည်။

ဟင့်အင်း. . . သူမသေချင်သေးပါ။

လှပသောဘဝတစ်ခုကို ပျော်ရွှင်စွာ ဖြတ်သန်းချင်သေး သည်။ သူ ဒီမှာ အပင်ပန်း အဆင်းရဲခံပြီး ကျောက်လာတူးတာ သာယာပြည့်စုံသော ဘဝတစ်ခုကို ပိုင်ဆိုင်ချင်၍ဖြစ်သည်။

မေမေ့ကို ပြည့်ပြည့်စုံစုံ ထားချင်သည်။

ပြီးတော့. . . သိပ်ချစ်ရတဲ့ မိုး. .။ မြမိုးစက်ကိုလည်း ရွှေမရှား ငွေမရှားသောဘဝဖြင့် ချစ်သူတော်ခွင့်ရရန် ကြိုးစားချင် သည်။

နွမ်းပါးသောဘဝဖြင့် မိုးကို သူချစ်ရေးမဆိုဝံ့ခဲ့. .။

သူချစ်နေတာကို မိုးက သိပင်မသိခဲ့။

မိုးကို တမ်းတစိတ်ဖြင့် သူ့နှလုံးသားက တဆတ်ဆတ် နာကျင်လာသည်။

သူ့ကို တမလွန်ကမ္ဘာကို မရမက ဆွဲခေါ်နေသော. . ငှက်ဖျားပိုးတို့ကလည်း သူ့ဦးနှောက်ဆဲလ်တို့ကို တစစ်စစ် ကိုက်ခဲ လျက်ရှိသည်။

မခံနိုင်တော့သည့်အဆုံး သူ အားကုန်ကြိုးအော်ထည့် လိုက်၏။

**"အား!!. . ."**



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာ. . သူ့အသံက လုံးဝမထွက်။

သူ့နှုတ်ခမ်းတို့ စေးထန်းခြောက်ကပ်နေ၏။ ဖွင့်မရ. .။

သူ့မျက်ခွံတို့ လေးကန်လာ၏။

သူ ကြိုးစားဖွင့်ကြည့်သည်။

အမြင်အာရုံထဲမှာ ဝေဝါးရှုပ်ထွေးနေ၏။

တောင်ကမ္ဘာကြီးများ. . .

မျှော်လင့်ချက်ဖြင့် တလက်လက် တောက်ပနေတတ်သော မျက်လုံးများဖြင့် ကျင်းသမားများ. . .

"သားလေးရယ်. . . မြန်မြန်ပြန်လာပါနော်၊ ဒီအမေနဲ့ ဒီသားပဲရှိတာ၊ မေမေ အကြာကြီး မခွဲနိုင်ဘူး"

ဒီကိုထွက်လာခါနီး ကန်တော့တော့. . အင်္ကျီလက်နဲ့ မျက်ရည်တို့ကို တို့ကာသုတ်ကာ ငိုကြွေးနေတဲ့မေမေ။

မေမေ. . အခု ဘာများလုပ်နေပါလိမ့်။

အိမ်အပြင်ဆီ လှမ်းမျှော်ကာ မှုန်မှိုင်းသော မျက်ဝန်းများဖြင့် စိပ်ပုတီးစိပ်နေသော မေမေ့ကို ဖျတ်ခနဲ တွေ့ရသည်။

သူမရှိတော့ရင် မေမေတစ်ယောက်ထဲ ဘယ်လိုကျန်ရစ်ရှာမလဲ. . ?. . ။

မေမေ့ကို ဘယ်သူလုပ်ကျွေးပြုစုမလဲ. . ?. . ။

သူ့ရင်ထဲ တနင့်နင့် ကြေကွဲလာသည်။

"ဟင့်အင်း. . မခေါ်ပါနဲ့. . မခေါ်ကြပါနဲ့ဦး၊ ကျွန်တော် မသေချင်ဘူး. . မသေချင်သေးဘူး. ."

သူ ခွန်အားရှိသမျှဖြင့် ရုန်းကန်အော်ဟစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သန်မာလှသော လက်ကြီးများထဲမှ ရုန်းထွက်၏။

အားကုန်သုံးကာ ရုန်းထွက်၏။ မရ. . ။

မိုး. . . ။

သူ့အာရုံထဲ နောက်ဆုံးမြင်လိုက်မိသည်က ဖိုင်လှလှလေး ကိုင်ကာ ဝင်းပသော မျက်နှာကလေးကို မော့ချီလျက်. . ရုံးကပြန်လာသောမိုးပဲ ဖြစ်သည်။

"မိုး. ."

ဟု ဝမ်းသာအားရခေါ်ကာ မိုးနောက် ပြေးလိုက်သွားမိသည်။

မိုးက ခြေအစုံကို ဆတ်ခနဲ ရပ်ကာ ပတ်ဝန်းကျင်မှာ အသံကို လိုက်ရှာနေသည်။

သူမရှေ့ကို ရောက်နေရဲ့သားနဲ့. . မတွေ့. . ။

ရှေ့ကို ခပ်သွက်သွက် ပြန်လျှောက်သွားတော့သည်။

မိုး ဘာဖြစ်လို့ သူ့ကို မတွေ့ရတာလဲ. . ?. . ။

သန်မာကျစ်လျစ်လှသော လက်မည်းကြီးများက သူ့တစ်ကိုယ်လုံးကို ချုပ်နှောင်တာ ခံလိုက်ရသည်။

သူ မြောက်ခနဲ ပါသွားသည်။

"ကမ္ဘာ. . ကမ္ဘာ. . သတိထားဦးလေကွာ"

"သူငယ်ချင်း. . . သူငယ်ချင်း အဖြစ်ဆိုးလိုက်တာကွာ"

သူ့သူငယ်ချင်းများ ဝမ်းပန်းတနည်း ငိုကြွေးနေကြတာလည်း သူသိသည်။

သူ မရှိတော့သော ခန္ဓာကိုယ်အခွံကြီးကို အတင်းကိုင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေကြတာလည်း မြင်သည်။

သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားသဖြင့် သူ ကြည်လင်စွာ ပြုံးလိုက်မိသည်။ ဝေဒနာဆိုးကြီးမှ သူလွတ်မြောက်ပြီ. . .။

ပေါ့ပါးသော သူ့ဝိညာဉ်လေးသည် လေယူရာတိမ်းသော သစ်ရွက်လေးတစ်ရွက်လို တစုံတယောက်ဆီသို့ တရွေ့ရွေ့ လွင့်ပါးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

# ဒုက္ခပေးမယ့် ပုလဲလောကတ်

မြမိုးစက်တစ်ယောက် နားထဲတွင် တစုံတစ်ယောက်မှ "မိုး. . မိုး. . "လို့ အဆက်မပြတ် ခေါ်နေသလို ကြားနေမိသည်။ ဘေးဘီကို လှည့်ကြည့်တော့လည်း မိမိနှင့်သိသူ တစ်ယောက်မှမရှိ။

အားလုံးက ပုံမှန်၊ ကိုယ့်လမ်းကိုယ် လျှောက်နေကြသူတွေချည်းသာ. . ။

အသံကလည်း သူမနှင့် ရင်းနှီးကျွမ်းဝင်သောအသံမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သူစိမ်းတစ်ယောက်ရဲ့အသံ. .။

အင်းစိန်မှာနေသည်မို့ အိမ်နှင့်ရုံးက ဝေးလွန်းလှသည်။

ရုံးမှ ပြန်ရောက်ချိန်က ညနေစောင်းပြီ။

အိမ်ပြန်ရသည့်လမ်းကလည်း လူပြတ်သည်။

မြမိုးစက် ခပ်သွက်သွက် လျှောက်လာခဲ့သည်။

လမ်းခွဆုံက ကုက္ကိုပင်ကြီးနား ရောက်တော့ အပင်ခြေရင်းဆီမှ လက်ခနဲ ဖြစ်သွားတာ တွေ့ရသည်။

ဘာပါလိမ့်. .?. .။

စူးစမ်းစိတ်ကလေးဖြင့် အပင်ခြေရင်းနား ခြေလှမ်းကို သွက်သွက်လှမ်းလိုက်မိသည်။

နှုတ်မှ ဟယ်ခနဲ အသံထွက်သွားမိသည်အထိ. .။

လှလိုက်တာ. .။

ပုလဲလေးလုံးဖြင့် လှပစွာ ဖွဲ့သီထားသော လော့ကတ်လေးတစ်ခု။

မြမိုးစက် အလျှင်အမြန် ကောက်ယူလိုက်သည်။

ဘေးဘီမှာ လူရှင်းနေသဖြင့် သူမ ကောက်ယူလိုက်တာ ဘယ်သူမှ သိလိုက်ပုံမပေါ်. .။

www.burmeseclassic.com

www.burmeseclassic.com



ပုလဲလော့ကတ်ကလေးကို မိုး ကောက်ယူလိုက်တာ သူ မြင်သည်။ ပုလဲလေးလုံးပါသော လော့ကတ်ကလေးမှာ အန္တရာယ်ရဲ့ အငွေ့အသက်တွေရှိမှန်း. . . သူ အလိုအလျောက်သိလိုက်သည်။ သူ့ကို တစ်စုံတစ်ယောက်က နှိုးဆော်လိုက်သလိုလို. . .။

"မိုး. . မယူနဲ့. . မယူနဲ့၊ ပြန်ထားခဲ့. . ပြန်ချထားခဲ့"

သူပြောတာကို မိုး ကြားပုံမရပါ။

မိုးက လမ်းဆက်လျှောက်မြဲ လျှောက်နေသည်။

သူ မချင့်မရဲ ဖြစ်လာသည်။

သူ့မှာ ရှိသမျှ ခွန်အားများကို စုစည်းကာ အသံကုန်ဟစ်လိုက်သည်။ မရ. . .။

သူ လုံးဝအသံထွက်လို့ မရတော့. .။

သူ့ကိုယ်သူ ဒေါသတကြီး ကျိန်ဆဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့စိတ်ကို လုံးဝလျှော့ချလိုက်ရာ. . . သူ့တစ်ကိုယ်လုံး မြေပြင်ပေါ် ပျော့အိပုံကျသွားသည်။

သူ စိတ်ပျက်လက်ပျက်ဖြင့် တီးတိုးရေရွတ်လိုက်မိသည်။

**"မိုး. . "**

သူ့အသံက ကျယ်လောင်စွာ ဟိန်းသွားသည်။

မိုး ကြားသွားပုံရသည်။ ဆတ်ခနဲ လှည့်ကြည့်၏။

သို့သော် သူ့ကို မြင်ပုံမပေါ်. . ။

မိုး. . သူ့ကို မမြင်ရဘူးပေါ့။

သူ့ဘဝသူ အားငယ်သွားသည်။

သူ ကြေကွဲစွာဖြင့် ကုန်းရုန်းထလိုက်စဉ် သူ့ကိုယ်မှာ တိမ်ခိုးများလို ပြောင်းလဲသွားသည်. . ထင်၏။

အံ့ဩဘနန်းဖြင့် သူ ကိုယ်ကိုတစ်ပတ်လှည့်လိုက်၏။

ထိုစဉ်. . မိုးက နောက်တစ်ခါ ထပ်လှည့်ကြည့်ပြန်၏။

မျက်တောင်များ အခါခါခတ်ကာ သူရှိရာဘက် အသေအချာ စူးစိုက်ကြည့်နေလေသည်။

"ရှင်. . . ကျွန်မကို ခေါ်လိုက်သလား. . ?. . "

မိုးက သူမကိုယ်သူမ လက်ညှိုးလေး ညွှန်ပြကာ မေးနေသည်။

သူ ဝမ်းသာအားရဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

ဟေး!. . . မိုး သူ့ကို မြင်နိုင်ပြီပေါ့။

မိုးရှိရာဆီ သူ အပြေးကလေး သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်မှာ လိုအပ်တာထက် ပိုပေါ့ပါးလန်းဆန်းနေသလို ခံစားနေရသည်။

"ကျွန်တော် မိုးကို ခေါ်နေတာ ကြာပြီ"

"ဪ. . . ခေါ်သံတော့ ကြားမိတယ်၊ အသံက စိမ်းနေလို့"

ရှုံးဆင်းချိန်မို့ မိုးမျက်နှာလေးမှာ နွမ်းနယ်နေသလို ထင်ရသည်။

မမြင်ရတာ ကြာပြီမို့ မိုးမျက်နှာလေးကို သူ သတိလက်လွတ် ငေးကြည့်နေမိသည်။

မိုးက အရင်အတိုင်းပဲ. . ပြောင်းလဲမသွားဘူး။

သူ စိုက်ကြည့်နေမိတာ အချိန်ကြာမြင့်သွားတော့ မိုးက အနေရခက်သလို မျက်နှာလွှဲသွားသည်။

"ရှင်ဘယ်သူလဲ?. .၊ ကျွန်မ ရှင့်ကို မသိဘူးထင်တယ်"

မိုး ပြောတော့မှ သူ သတိပြန်ဝင်လာသည်။

"မိုး မမှတ်မိတော့လို့ ထင်ပါတယ်၊ ကျွန်တော့်နာမည် ကမ္ဘာပါ. . ကျွန်တော် ခုမှ နယ်ကပြန်ရောက်တာ. . ."

"ကမ္ဘာ. . ဟုတ်လား၊ ကျွန်မအသိထဲမှာ ဒီနာမည်မျိုး မရှိဘူး"

မိုးက သူ့ကို မမှတ်မိတော့တဲ့အတွက် သူဝမ်းနည်းသွားသည်။

သူ့အာရုံထဲတွင် မိုးသည်းသည်းထဲမှာ မိုးရဲ့စိတ်ပူပူလက်ပျက် မျက်နှာကလေးကို ပြန်မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့တစ်နှစ်လောက်က 'ဆုံစည်းရာ'ဆိုတဲ့ လက်ဖက်ရည်ဆိုင်ရှေ့မှာ နွံ့ဗွက်တွေကြားထဲ မိုး သွားရခက်နေတုန်း မိုးရှေ့ကို ကျောပိုးအိတ် ပစ်ချပေးခဲ့ပြီး. . ."

သူ့စကား. . မဆုံးလိုက်. . .။

မိုးမျက်နှာလေး ချက်ချင်းပြုံးယောင်သမ်းသွားသည်။

"အိုး. . မှတ်မိပြီ. . မှတ်မိပြီ၊ အဲ့ဒီတုန်းက ကျွန်မ အတော်အခက်အခဲ တွေ့နေခဲ့တာ၊ လမ်းက ဘယ်လိုမှကို ဆက်လျှောက်မရတော့တာ၊ ဖိနပ်ချွတ်ပြီး ဗွက်ထဲလျှောက်ရတော့မလို ဖြစ်နေခဲ့တာ၊ ရုံးတောင် သွားချင်စိတ် မရှိတော့သလို ဖြစ်နေတာလေ၊ ဪ. . ဒါနဲ့ အဲ့ဒီနောက်ပိုင်း ရှင့်ကို မတွေ့တော့ဘူးနော်"

မြမိုးစက်က သူ့ရုပ်ကို ဖြည်းဖြည်းချင်း ပြန်ပုံဖော်ယူနေပုံရသည်။

လွန်ခဲ့တဲ့ တစ်နှစ်တုန်းက သူ့မျက်နှာမှာ အတော်နုပျိုလန်းဆန်းခဲ့သော်လည်း ခုတော့ ရင့်ကျက်ညှိုးမှိုင်းလို့နေပြီ။

ပြီးတော့. . ခုလို ထည်ဝါတောက်ပ,မနေ၊ ထိုစဉ်က သူ့အဝတ်အစားများမှာ နွမ်းပါးနေခဲ့ပါသည်။

နောက်ပိုင်းလည်း မြမိုးစက် ရုံးသွားရုံးပြန် လက်ဖက်ရည်ဆိုင်ထဲမှ စောင့်ကြည့်နေတတ်သော သူ့ကို တွေ့ရသားပင်။

ရုပ်ကလေး သနားကမားနှင့် ဖြစ်သော်လည်း နွမ်းနွမ်းပါးပါးနှင့်မို့ မြမိုးစက် သူ့ကို အရေးတယူ အရောတဝင် မလုပ်ဖြစ်ခဲ့။

သူကလည်း ရှေ့ဆက်တိုးမလာခဲ့တော့ ဇာတ်လမ်းက အဲ့ဒီမှာပဲ ပြီးပြတ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မတွေ့ရသည်မှာ အတော်ကြာပြီဖြစ်သည်။

"ကျွန်တော် နယ်မှာ အလုပ်သွားလုပ်နေတာ"

"ဪ. ."

စကားစက ခဏပြတ်သွားပြန်သည်။

"ဒါနဲ့ ခုနက ဘာကိုကုန်းကောက်နေတာလဲ မသိဘူးနော်၊ ကျွန်တော်မြင်လိုက်သလိုပဲ"

မြမိုးစက်က လော့ကတ်ထည့်ထားသော ပိုက်ဆံအိတ်ကို နောက်သို့ မသိမသာ ပို့လိုက်သည်။

စိတ်ထဲ သူ့ကို မယုံသင်္ကာစိတ်များ ချက်ချင်းကြီးထွားလာသည်။

လော့ကတ်က ပုလဲလုံးများမှာ အရည်အသွေးကောင်းသော မွေးပုလဲမှန်း သိသာပါသည်။

လော့ကတ်ဆိုတာ မိန်းကလေးများသာ ဆွဲလေ့ရှိတာမို့ သူနဲ့ ဘာမှမဆိုင်နိုင်ပါ။

ဒါပေမယ့်. . . သူ့ချစ်သူရဲ့ပစ္စည်းများလား. . ။

"ဘာမှမဟုတ်ပါဘူး"

မြမိုးစက်က အသံကို ငြိမ်အောင်ထိန်းလျက် ပြောလိုက်သည်။

သူက ခေါင်းကုတ်လျက် တစ်ခုခုကို အကျပ်ရိုက်နေပုံရသည်။ တစ်ခုခုကို ပြောပြချင်နေသော်လည်း ပြောမထွက်သည့် ပုံမျိုးဖြစ်သည်။

မြမိုးစက်မှာလည်း နောက်ကျောမလုံသလို ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိုး. . . ဘာဖြစ်လဲ. . ခိုးတာလည်း မဟုတ်၊ လုယူတာလည်း မဟုတ်။ လမ်းပေါ်မှာတွေ့လို့ ကောက်ယူထားတာပဲ၊ ပိုင်ရှင်မဲ့ပဲ ဥစ္စာ. . ။

မြမိုးစက်က ကိုယ့်ကိုယ်ကို ပြန်အားပေးလိုက်သည်။

"ကျွန်မသွားတော့မယ်နော်"

မြမိုးစက်က ကမန်းကတန်း နှုတ်ဆက်ကာ ခပ်ရိုင်းရိုင်းပင် ချက်ချင်းလှည့်ထွက်လာခဲ့သည်။

အတော်လှမ်းလှမ်းရောက်မှ သူလိုက်လာဦးမလား သိလိုစိတ်ဖြင့် မသိမသာ လှည့်ကြည့်လိုက်သည်။

လမ်းချိုးလမ်းကွေ့ မရှိပါဘဲ. . သူ့ကို အရိပ်အယောင်တလေးမျှပင် မမြင်ရတော့သောအခါ မြမိုးစက် အတော်အံ့သြတကြီး ဖြစ်သွားရသည်။

ရုတ်တရက်ကြီး ဘယ်များပျောက်သွားပါလိမ့်. . ?. . ။

အဖြစ်အပျက်ကို အစမှအဆုံး ရဲရဲနီနေသော မျက်လုံးကြီးများဖြင့် စောင့်ကြည့်နေခဲ့သော တစ်စုံတစ်ယောက်ကို သူမ တကယ်သတိမပြုမိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

# လော့ကတ်ရဲ့ ပိုင်ရှင်အစစ်က

မိုးစက်သည် လော့ကတ်လေးကို တယုတယ ကိုင်ကာ သူမဆွဲနေကျ ဆွဲကြိုးမျှင်လေးမှာ တပ်လိုက်သည်။ ဆွဲကြိုးလေးက ပိုလှသွားသလိုပင်။ လည်တိုင်မှာ ဂရုတစိုက်ပြန်ဆွဲကာ မှန်ရှေ့ ကြည့်လိုက်သည်။ ဝါဝင်းသော ရင်ညွန့်သားတို့နှင့် ဖွေးနုစ်သော ပုလဲလုံးလေးများက လိုက်ဖက်လွန်းလို့နေသည်။

လော့ကတ်လေးကြောင့် ကိုယ့်ကိုယ်ကို ပိုလှလာသလိုလို့တောင် ခံစားမိပြီး လှပစွာ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ရှုံးသွားပြီလား၊ မှန်ကြည့်ပြီး ပြုံးနေတယ်"

မြမိုးစက် အခန်းဖော် အေးဘက် လှည့်လိုက်သည်။

"ဟယ်. . . လော့ကတ်လေးက လှ,လှချေလား၊ ဘယ်တုန်းက ဝယ်လိုက်တာလဲ. . ."

သူမမှာ လော့ကတ်တစ်ခု ဝယ်နိုင်လောက်အောင် ဝင်ငွေမကောင်းမှန်း အေး သိပါလိမ့်မည်။

မြမိုးစက် အမှန်အတိုင်း ပြောပြရမှာ ရှက်နေမိသည်။

"ပုလဲက ဘွားဘွားအမွေပေးခဲ့တာ၊ လော့ကတ်လုပ်ချင်လို့ ပိုက်ဆံစုနေတာ ကြာပြီ၊ ခုမှ လုပ်နိုင်တာ. ."

"ဪ. . ."

အေးမှာ သိပ်ယုံချင်ပုံမရ။

အသေအချာ ကိုင်ကြည့်ကာ. . .

"ပုလဲက အရည်အသွေး ကောင်းလိုက်တာနော်"

ဟု ချီးမွမ်းနေသည်။

မြမိုးစက်မှာ နည်းနည်းအနေရခက်သွားမိသည်။

ဘာပဲဖြစ်ဖြစ် လော့ကတ်လေးကို မိမိကုသိုလ်နှင့်မိမိ ကောက်တွေ့တာမို့ ကိုယ်နှင့်ထိုက်လို့ပဲ ယူဆကာ ဆွဲဖြစ်အောင် ဆွဲမည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမိရုပ်နေမိရာ မြေကြီးပေါ်မှာ ဝုန်းခနဲ နစ်ကျွံကျ သွားလေလျှင် အသည်းများ အေးစက်ကာ ကြောက်စိတ်များ ဝင်လာသည်။

ရှေ့နောက် ထက်အောက်မှာ အမှောင်ထုကြီးကသာ ပတ်ပတ်လည် ကြီးစိုးနေသည်။ ရုတ်ချည်း ဖြစ်သွားရသော အခြေအနေကို မြမိုးစက်မှာ စဉ်းစား၍မရ. . ။

ကြောက်စိတ်များဖြင့် ခန္ဓာကိုယ်က လှုပ်ရှားလို့မရ အောင် အေးစက်တောင့်တင်းလာသည်။ ထိုစဉ်. . .

"မြမိုးစက်. . "

ဟူသော မိမိနာမည်ကို အက်ကွဲကွဲအသံကြီးဖြင့် ခေါ် သံတစ်ခု ကြားလိုက်ရလျှင်. . ခန္ဓာကိုယ်တွင်း လည်ပတ်နေသော မျှ သွေးများ ရပ်တန့်သွားပြီလား ထင်ရလောက်အောင် ထိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားရသည်။

"မင်းရဲ့မိုက်မဲမှုကို မင်းသိသလား. ."

မိုက်မဲမှု. .။

မိမိ ဘာများ မိုက်မဲမိပါလိမ့်. . ?. . ။

မြမိုးစက် စဉ်းစား၍မရနိုင်။

အသံမှာ ဘယ်ကလာမှန်း မသိရသော်လည်း မြမိုးစက် က မှန်း၍ခေါင်းခါပြလိုက်သည်။

"**ဘာ!**. . မသိဘူး ဟုတ်လား. ."

ကြောက်မက်ဖွယ်ရာ ဟိန်းခနဲ အော်လိုက်သံကြီးကြောင့် ခေါင်းနားပန်းများ ကြီးသွားခဲ့ရသည်။

"မသိဘူးလား. . မင်းတကယ်မသိဘူးလား. . ?၊ ပြော စမ်း. . ကိုယ့်ပစ္စည်း မဟုတ်ဘဲ သူတပါးပစ္စည်းကို ဘာဖြစ်လို့ အခချောင်လိုချင်ရတာလဲ. . ပြောစမ်း"

"ဘာပစ္စည်းလဲ. . ဘာပစ္စည်းမှ ကျွန်မ ယူမထားပါဘူး"

သူမ ရှိသမျှအင်အားကလေးများ စုစည်းကာ တောင်း ပန်တိုးလျှိုးသော လေသံဖြင့် ငြင်းဆန်လိုက်ပါသည်။

"မင်း. . ညာတယ်"

"ကျွန်မ. . ကျွန်မ မညာပါဘူး၊ တကယ်ပြောတာပါ"

"သေချာလား. ."

"သေချာပါတယ်ရှင်. . . တကယ်ပါ"

"ဒါဆို မင်းလည်ပင်း မင်းပြန်ငုံ့ကြည့်လိုက်စမ်း"

ယောင်ယမ်း၍ ငုံ့ကြည့်မလို ဖြစ်ပြီးမှ ပိန့်ပိတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုထဲမှာ ဘယ်လိုလုပ် မြင်ရမှာလဲ..။

"အဲ့ဒီလော့ကတ်ကို မင်း ဘာလို့ယူသွားရတာလဲ"

စကားသံမှာ တစ်လုံးချင်း ပီသလွန်းတာကြောင့် မေးမြန်းသည့်ပုံစံထက် ခြိမ်းခြောက်ရာ ရောက်နေပါသည်။

"ဟို...လှလို့ပါ၊ ကျွန်မ ဝတ်ချင်လို့ပါ"

"ဝတ်ချင်ရအောင် မင်းနဲ့ တန်လို့လား၊ အဲ့ဒီပုလဲတစ်လုံးရဲ့တန်ဖိုး ဘယ်လောက်ရှိသလဲ မင်းသိလို့လား၊ မင်းကို အသက်ညှာဆုံး သတိပေးလိုက်မယ်၊ မင်းယူလာတဲ့နေရာမှာ ပြန်လာထားလိုက်ပါ"

"အို...ဘာလို့ ပြန်ထားရမှာလဲ၊ ကျွန်မနဲ့ ထိုက်လို့ ကျွန်မရတာ..ပြန်မထားနိုင်ဘူး"

"ပြန်မထားရင် မင်း ဒုက္ခအကြီးအကျယ်ရောက်လိမ့် မယ်"

"ဟင့်အင်း...ဟင့်အင်း...ပြန်မထားနိုင်ဘူး၊ ပြန်မထားနိုင်ဘူး.."

သူမ ခါးခါးသီးသီး ငြင်းဆန်လိုက်သည်။

လော့ကတ်လေးကို သူမမှာ မြတ်မြတ်နိုးနိုး ဖြစ်နေမိပြီ။

မိမိနှင့် ထိုက်လို့..လက်ထဲရောက်ပြီးကာမှ ပြန်သွားထားရအောင် သူမ ရူးသွပ်နေသူ မဟုတ်ပါ။

ခါးခါးသီးသီး ငြင်းဆန်ဆဲ...။ သူမ ခန္ဓာကိုယ်မှာ ပျော့အိအေးစက်နေသော မြေကြီးထဲ နစ်မြုပ်သထက် နစ်မြုပ်ဝင်သွားပြီး အပေါ်မှလည်း လေးလံလှသော အရာဝတ္ထုကြီးက ဖိတျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှန်းကန်အော်ဟစ် အကူအညီတောင်းရင်း. . . အသက်ရှူရကျပ်လာသည်။

"မြမိုးစက်. . . မြမိုးစက် ဘာဖြစ်နေတာလဲ၊ ဘီလူးစီးနေတာလား. . . ထ!. . . ထ!. . ."

"ဟင်. . . ဟင်. . ."

အေး အသံ. . .။ အေးအသံကို ကြားလိုက်ရလျှင် ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကြီးမှ လွတ်မြောက်သွားရသလို သူမတစ်ကိုယ်လုံး ပေါ့ပါးသွားသည်။

သူမ ချက်ချင်း ငုတ်တုတ်ထထိုင်လိုက်သည်။

သူမတစ်ကိုယ်လုံး ချွေးစေးများဖြင့် ရွှဲနစ်နေကာ ရင်ထဲမှာ တဆတ်ဆတ် တုန်ရီနေဆဲ. . .။

"အိပ်မက်ဆိုးတွေ မက်နေတာလား"

"ဟုတ်တယ်. . . ကျေးဇူးပဲ အေးရယ်၊ အေး လာနှိုးပေလို့၊ အိပ်မက်ကလေ. . . တကယ်ဖြစ်နေသလိုပဲ၊ ကိုယ့်မှာ ကြောက်လိုက်ရတာ၊ အသက်ရှူတွေတောင် ကျပ်နေသလိုပဲ"

အေးက ရေတစ်ခွက် ထ,ငှဲ့ပေးသည်။

"သောက်လိုက် အကြောက်ပြေသွားအောင်"

သူမက အေး လာတိုက်သော ရေတစ်ခွက်လုံး ကုန်အောင် သောက်ပစ်လိုက်သည်။

"ပြောပါဦး. . . ဘာတွေ အိပ်မက်,မက်နေတာလဲ"

"အိပ်မက်ထဲမှာလေ. . ."

မြမိုးစက်က စကားကို ခဏရပ်လိုက်ကာ အိပ်မက်ကို



www.burmeseclassic.com

www.burmeseclassic.com



အေးအား အမှန်အတိုင်း ပြောသင့်မပြောသင့် စဉ်းစားလိုက်ပြီး. . .

"လော့ကတ်ကို သရဲက လာလုလို့"

"ဟား. . . ဟား. . . ဟား. . ."

အေးက မြမိုးစက် အိပ်မက်ကို ဟာသလုပ်ပစ်ကာ အော်ရယ်နေပါသည်။

"ဘာမှမဟုတ်ဘူး၊ မင်း ဥစ္စာခြောက်နေတာ မြမိုးစက်၊ မင်းလော့ကတ်ကို ဘယ်သူမှ မယူပါဘူးကွာ၊ ယူမယ့်ယူ ကိုယ်ပဲ ယူမယ့်သူ ရှိတယ်"

အေးက နောက်ပြောလိုက်သော်လည်း မြမိုးစက် နားထဲမှာတော့ စကားတစ်ခွန်းက ပဲ့တင်ထပ်သွားသည်။

**ဥစ္စာခြောက်နေတာ. . .။**

**ဥစ္စာခြောက်နေတာ. . .။**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# သရဲကို စိန်ခေါ်ရဲသူ

လော့ကတ်ကို ဆွဲသာဆွဲလာရသော်လည်း စိတ်ထဲ မလုံလှချေ။ 'ကမ္ဘာ'ဆိုသော လူတစ်ယောက်နှင့် ဆုံမှာ စိုးရိမ်နေမိသည်။ အိပ်မက်ထဲက အသံကတော့ သူ့အသံ မဟုတ်တာသေချာပါသည်။

ဒီနေ့ ရုံးပြန်ချိန် ဖယ်ရီပျက်နေသေးတာမို့ နောက်ကျသည်။ အလင်းရောင်တောင် ကွယ်ချင်ပြီ။

လျှောက်လာရင်းမှ လမ်းခွဆုံက ကုက္ကိုပင်ကြီးနား အ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တွင် ခြေလှမ်းတို့ အလိုလို တွန့်ဆုတ်လေးကန်လာသည်။ စိတ်ထဲ ထင့်လာသည်။ ညကမက်တဲ့ အိပ်မက်ဆိုးကို စွဲလန်းမနေမိဖို့ ကိုယ့်ကိုယ်ကို နှစ်သိမ့်နေရသည်။

"အူ!. . . ဝူ!. . ."

နောက်ဘက်မှ ကပ်လိုက်လာသော ခွေးတစ်ကောင် ဆွဲဆွဲငင်ငင် အူလိုက်လျှင် မြမိုးစက် ကြက်သီးများ တဖြန်းဖြန်း ထသွားသည်။ ထိုစဉ်. . .

"ဘုတ်!. ."

"**အား**!. . ."

ရုတ်တရက် ကုက္ကိုပင်ပေါ်မှ အရာဝတ္ထုကြီးတစ်ခု ရှေ့သို့ ပြုတ်ကျလာခဲ့လျှင် အားကုန်အော်လိုက်မိသည်။

သဲသဲကွဲကွဲ မမြင်ရ။

အရိပ်သဏ္ဌာန်မည်းမည်းကြီး ဖြစ်သည်။

မြမိုးစက်မှာ ကြောက်လန့်တကြားဖြင့် နောက်ကိုဆုတ်ကာ ဆုတ်ကာသာ နေမိသည်။

ဖြည်းဖြည်းချင်း ပီပြင်လာလေလျှင် မီးကျီခဲလို ရဲရဲတောက်နေသော မျက်လုံးကြီးနှစ်လုံးကို မြင်တွေ့လိုက်ရလေသည်။

"မြမိုးစက်. . နောက်ကိုဆုတ်၊ ဒီကိုလာ. . ဒီကိုလာ"

အသံလာရာဆီ လှည့်ကြည့်လိုက်လျှင် ကမ္ဘာကို တွေ့လိုက်ရသည်။

သူမ အတော်အားတက်သွားရကာ ကမ္ဘာဆီ ပြေးသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သရဲ . . . သရဲ"

"မကြောက်နဲ့ . . . ကျွန်တော်ရှိတယ်"

ကမ္ဘာက အရိပ်မည်းကြီးရှိရာဆီ တစ်လှမ်းချင်း တိုးသွားသည်။

ရဲတင်းလိုက်တာဟု မြမိုးစက် ရင်ထိတ်နေမိသည်။

"ခင်ဗျားဘာဖြစ်လို့ နှောင့်ယှက်နေတာလဲ"

"မင်းက ဘာကောင်လဲ"

အရိပ်ကြီးဆီမှ အသံကြားလိုက်ရလျှင် သူမတစ်ကိုယ် လုံးတောင့်တင်းသွားရသည်။

ဒီအသံကြီး . . သေချာပါတယ် . . ။

အိပ်မက်ထဲက အသံကြီး . . ။

"ကျုပ်ဘာကောင်လဲဆိုတာ ခင်ဗျားသိပါတယ်၊ သူ့ကို မနှောင့်ယှက်ပါနဲ့၊ သူ့လမ်းသူသွားပါစေ"

"မင်းဝင်မရှုပ်နဲ့ . . မင်းကိစ္စမဟုတ်ဘူး၊ မင်း ဘာမှမသိဘူး"

"ကျုပ်သိပါတယ်၊ ဖြစ်ပြီးတဲ့ကိစ္စတွေ မေ့ပစ်လိုက်ပါတော့ ခွဲလန်းမနေပါနဲ့၊ သူစိတ်ချမ်းချမ်းသာသာ နေပါစေ"

"သူစိတ်ချမ်းသာပေမယ့် ငါစိတ်မချမ်းသာရဘူးကွ"

သူနှင့် အရိပ်မည်းကြီးတို့ အပြန်အလှန် ပြောနေကြသော စကားများကို မြမိုးစက် တစ်လုံးမှ နားမလည်။

"သူ့ကို ဒုက္ခမပေးပါနဲ့၊ ကျုပ်နဲ့ အရင်ရှင်းပါ၊ ကျုပ်ရှုံးရင် ခင်ဗျားသဘောအတိုင်းပဲ၊ ကျုပ်နိုင်ရင်တော့ ခင်ဗျား သူ့ကိုဘယ် တော့မှ ဒုက္ခမပေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ. . . မင်းလို ချေတ်ကလေးက ငါ့ကို စိန်ခေါ်တော့လည်း ပညာပေးရသေးတာပေါ့ကွာ"

အရိပ်မည်းကြီးမှာ သူ့အပေါ် အုပ်မိုးထိုးကျလာကာ နှစ်ယောက်သား လုံးထွေးနေတော့သည်။

ဘာမှ သဲကွဲစွာ မမြင်ရတော့။

ဖုန်လုံးများလိုလို မြူခိုးများလိုလို အလုံးကြီးများမှာ ဝုန်းခနဲ ဝုန်းခနဲ ထိုးတက်သွားတာသာ မြင်နေရသည်။

"မြမိုးစက်. . သွား. . အမြန်သွားတော့"

ကမ္ဘာ့အသံကြားမှ သူမ အသိပြန်ဝင်လာပြီး အိမ်ဆီ အားကုန်ပြေးလာမိသည်။

နောက်နားဆီမှ ခွေးတစ်အုပ် ဆွဲဆွဲငင်ငင် အူလိုက်သံကြားလိုက်ရသည်။

"အူ!. . . ဝူ!. . ."



www.burmeseclassic.com

www.burmeseclassic.com



အခဆောင်ကို ဘယ်လိုဘယ်ပုံ ပြန်ရောက်လာသလဲ မသိတော့. .။ အိမ်ထဲရောက်လျှင် ပုံလျက်သား လဲကျကာ မောဟိုက်နေပါတော့သည်။

"မြမိုးစက် ဘယ်လိုဖြစ်လာတာလဲ၊ အမောတကောနဲ့ပါလား၊ ဟဲ့!. . . ဘယ်သူရှိလဲ၊ ချိုလေးတို့ နှင်းတို့ရေ သောက်ရေတစ်ခွက် ယူလာစမ်း"

ချိုလေးက သောက်ရေတစ်ခွက် ယူလာပေးသည်။

သူမမှာ ချိုလေးပေးသောရေကို မသောက်နိုင်သေး၊ မောဟိုက်လွန်းနေတာကြောင့် အသက်ပုံမှန်ရှူနိုင်အောင် ကြိုးစားနေရသည်။

"မိုး. . . ဘယ်လိုဖြစ်လာတာလဲဟင်၊ မျက်နှာလည်း ဖြူဆုတ်လို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ချိုလေးက စိုးရိမ်တကြီး မေးသည်။

အသက်ပုံမှန်ရှူလို့ရလျှင် သူမက ရေကို အာဆွတ်ရုံ တစ်ငုံသောက်လိုက်သည်။ ရင်ထဲ အေးသွားကာ အနည်းငယ် စိတ်သက်သာရာရသလို ဖြစ်သွားသည်။

"သရဲခြောက်ခံရလို့. ."

"အံမယ်လေး!. . သရဲခြောက်ခံရတယ် ဟုတ်လား"

သရဲအလွန်ကြောက်တတ်သော ချိုလေးမှာ လူများအလယ် ချက်ချင်းရောက်သွားသည်။

"ဘယ်မှာ ခြောက်တာလဲ. ."

"လမ်းခွဆုံက ကုက္ကိုပင်ကြီးနားမှာ"

"အို. . . အစောကြီး ရှိသေးတာကို သရဲခြောက်တယ် ဟုတ်လို့လား"

"ဟဲ့. . လူပြတ်တာကိုး၊ ခြောက်ချင်ခြောက်မှာပေါ့"

တစ်ယောက်တစ်ပေါက် မေးကြ၊ ထင်မြင်ချက်တွေ ပေးကြ လုပ်နေသည်။

"မြမိုးစက် ခုတလော ကံနိမ့်နေသလား မသိဘူး၊ ညကလည်း အိပ်မက်ဆိုး မက်ပြီး ထအော်နေတာ၊ ကိုယ်တောင် အိပ်ရေးပျက်တယ်၊ ခုလဲ သရဲခြောက်ခံရတယ်ဆိုတော့. . ယူ တစ်ခုခုတော့ ကာဗာယူထားသင့်ပြီ မြမိုးစက်"

အေး ဝင်ပြောသောစကားကို အားလုံးက 'ဟုတ်တယ် ဟုတ်တယ်. . 'လို့ ထောက်ခံနေကြသည်။

"ကာဗာယူရမယ်. . ဟုတ်လား၊ ဘယ်လိုကာဗာမျိုးလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး"

"တုံးလှချေလား မြမိုးစက်ရဲ့၊ ပယောဂဆရာ တစ်ယောက်ယောက်ဆီသွား၊ မင်း သရဲခြောက်ခံရတာ အိပ်မက်ဆိုးမက်တာ ဖွင့်ပြောပြ၊ သူက မင်းကို သရဲနောက်ထပ်မကပ်နိုင်အောင် ချည်မန်းကြိုးတွေ အင်းတွေ ပေးမှာပေါ့၊ သရဲနိုင်တဲ့ ဆရာတစ်ယောက်ယောက်ကို ဆက်သွယ်နိုင်အောင် ယူ ကြိုးစားပေါ့"

သူမမှာ ဘယ်လိုအဆက်အသွယ်မှ ရှိမနေပါ။

သူမ စိတ်ဓါတ်ကျသွားရသည်။

"ဒါနဲ့ ယူအခြောက်ခံရပုံကို ပြောပြပါဦး"

တစ္ဆေသရဲ လုံးဝမကြောက်တတ်သော နော့စ်မ နှင်းက ရှေ့တိုးလာကာ မေးသည်။ အားလုံးကလည်း ကြောက်နေပေမယ့် စိတ်ဝင်တစား ရှေ့တိုးလာကြသည်။

သူမက ကုက္ကိုပင်ကြီးပေါ်မှ အရိပ်မည်းကြီး ခုန်ဆင်းလာတာ မြင်ရပုံ၊ မျက်လုံးကြီးများမှာ နီရဲတောက်နေပုံ၊ ကမ္ဘာရောက်လာကာ လုံးထွေးသတ်ပုတ်နေတုန်း ပြေးထွက်လာပုံတို့ကို အတိုချုံးပြောပြနေမိသည်။

"အံမယ်လေး!. . . ရင်ထိတ်စရာကြီးနော်၊ ယူတော့ သိပ်ကြောက်သွားမှာပဲနော် မိုး"

"ဘယ့်နှယ့်ပြောပါလိမ့် ချိုလေးရယ်၊ ကြောက်လိုက်တာဆိုတာ လိပ်ပြာလွင့်မတတ်ပဲ"

"ယူ့ကို လာကူညီပေးတဲ့ ကောင်လေးကရော ချောလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ချိုလေးကတမှောင့်. . .

"သနားကမားလေးပါ"

မြမိုးစက်က တမင်လျှိုဖြေလိုက်သည်။

"သရဲနဲ့တောင် ပြိုင်ဖိုက်ရဲတယ်ဆိုတော့ ဒီလူလည်း စူပါပဲနော်၊ နှယ်နှယ်ရရတော့ မဟုတ်ဘူး"

"ဟဲ့!. . သူကိုယ်တိုင်ရော သရဲမဖြစ်နိုင်ဘူးလား၊ သရဲမို့လို့ သရဲချင်းချင်း နပန်းသတ်တာပေါ့။ လူက သရဲကို နပန်းသတ်ပါ့မလား. . "

"အေး. . . ဟုတ်တယ်၊ အဲ့ဒါ စဉ်းစားစရာပဲ"

"မဖြစ်နိုင်ပါဘူးဟာ. . . သူက သရဲလုံးဝမဖြစ်နိုင်ပါဘူး သေချာပါတယ်"

မြမိုးစက်က သူ့ဘက်မှ ရပ်တည်ကာကွယ်ပေးနေမိသည်။ ဟုတ်တယ်လေ. . . ဒီလောက် ရုပ်ရည်သန့်ပြန့်ချောမွေ့နေတာ ဘယ်လိုလုပ် သရဲဖြစ်နိုင်ပါ့မလဲ. . ။

"ဟိုမှာ. . ဟိုမှာ. . "

"ဘာလဲ!. . . ဘာလဲ!. . . သရဲလား. . ?. . "

"အံမယ်လေး!. . . လုပ်ပါဦး"

မြမိုးစက်က ရုတ်တရက် ခြံဝဆီ လက်ညှိုးညွှန်ပြလိုက်လျှင် မိန်းကလေးတစ်သိုက်မှာ အလန့်တကြား အော်ဟစ်ကြရင်း တစ်ယောက်နှင့်တစ်ယောက် ပူးကပ်သွားကြတော့သည်။

"ဩော်. . . မဟုတ်ပါဘူး၊ ကိုယ့်ကို ကူညီပေးတဲ့သူပါ။ ကမ္ဘာလေ. . ခြံဝမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူက မြမိုးစက်ကို စိုးရိမ်ပူပန်သော မျက်ဝန်းများဖြင့် လှမ်းကြည့်နေခဲ့ရာမှ မိန်းကလေးတစ်သိုက် လှည့်ကြည့်ကြလျှင် နေရာမှ ထွက်သွားလေတော့သည်။

"ဟယ်!. . . သွားပြီတော့၊ မျက်နှာလေးတောင် မမြင်လိုက်ရဘူး"

"အေးလေ. . . သရဲကို ပြိုင်သတ်ရဲတဲ့ လူစွမ်းကောင်းကို သေသေချာချာ ကြည့်ချင်ပါတယ်ဆိုမှ"

မြမိုးစက်က တရွေ့ရွေ့ ထွက်ခွာသွားသော သူ့ကျောပြင်ကို လိုက်ငေးကြည့်နေမိသည်။

စဉ်းစားရခက်နေသည်မှာ သရဲနှင့် ပြိုင်သတ်ခဲ့သော သူ့မျက်နှာမှာ ဘာဒဏ်ရာဒဏ်ချက်မှ ရှိမနေဘဲ ရှင်းသန့်ကြည်လင်၍နေမြဲပင် ဖြစ်သည်။

အဝတ်အစားများမှာလည်း တွန့်ကြေ၍မနေ. . .။

တကယ်ဆို ဖုန်အလိမ်းလိမ်း ချွေးသံတရွှဲရွှဲနှင့် ဖြစ်နေရမှာ မဟုတ်လား။

သူနှင့် တွေ့လျှင်တော့ ဒီအကြောင်းကို ပြောရဦးမှာပင်. . ။ ထပ်တွေ့ရဦးမည်ဟုလည်း ယုံကြည်လို့နေမိသည်။

အရိပ်မည်းကြီးကိုတော့ ထပ်တွေ့ရမှာ နှလုံးသွေးရပ်မတတ် ကြောက်လန့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

# မိုးသောက်ဝိညာဉ်

မြမိုးစက်မှာ မနက်စောစောထတတ်သော အလေ့အကျင့် ရှိသည်။ မိုးမလင်းသေးခင် ဝေလီဝေလင်း လေးနာရီခန့်ဆိုနိုးပြီ။ ရုံးမှာ ရာထူးစာမေးပွဲရှိတာမို့ စာကျက်ရမည်။

အခန်းမီး ဖွင့်လိုက်သည်။

ဗိုက်က ဆာသလိုလိုရှိတာမို့ မီးဖိုဆောင်ထဲ ဝင်ကာ ခေါက်ဆွဲပြုတ် အရင်စားဖို့ စိတ်ကူးသည်။

ခေါက်ဆွဲပြုတ်ထားတုန်း ထမင်းစားခန်းထဲမှာ အရိပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ တွေ့လိုက်ရသည်။

ယောကျ်ားတစ်ယောက်ရဲ့အရိပ်။

မြမိုးစက် နည်းနည်းစိတ်ရှုပ်သွားသည်။

သူမတို့အဆောင်မှာ ယောကျ်ားလေးတစ်ယောက်မှ ရှိမနေပါ။

အိမ်ရှင်မှာ ဒေါ်ရီရီသော်နှင့် ဒေါ်မီမီသော် အပျိုကြီးညီအစ်မဖြစ်ပြီး အဆောင်သူ ဆယ့်နှစ်ယောက်လုံးမှာလည်း မိန်းမစစ်စစ်များသာဖြစ်သည်။

အိမ်ရှင်အန်တီကြီးများမှာ အပျိုကြီးများပီပီ ယောကျ်ားလေးဧည့်သည် လာလည်တာတောင် မကြိုက်။

မြမိုးစက်က ခေါက်ဆွဲပြုတ်ပန်းကန် ယူကာ ထမင်းစားခန်းထဲ ဝင်လိုက်သည်။

ထမင်းစားခန်းထဲမှာ ဘယ်သူမှ ရှိမနေပါ။

သို့သော်. . .

အရိပ်. . .။

သေချာကြည့်ပှ အပြင်မှအရိပ်က လမ်းပေါ်က ကားမီးရောင်နှင့် အိမ်အတွင်း လာဟပ်နေခြင်းဖြစ်သည်။

အိမ်ပြင်မှာ တစ်စုံတစ်ယောက် ရှိနေတယ်ပေါ့. .။

မြမိုးစက်က သတိဖြင့် ပြတင်းပေါက်နား ကပ်လာခဲ့သည်။

ခြံက ထောင့်ခြံဖြစ်သည်မို့ ဘေးမှာ တံခါးပေါက်ငယ်တစ်ခုရှိသည်။

မြမိုးစက် ရှာနေမှန်းသိလျှင် လူတစ်ယောက်က ခြံတံခါး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဘေးက ဆိတ်ဖလူးပင်အောက်မှာ ထွက်လာကာ လှုလုံးပြ သည်။

ဟင်!. . သူ. . . ။

သူ လက်လှမ်းပြနေတာ မြင်ရလျှင် မြမိုးစက်သည် ပြုံးပြ ရမလား. . လက်ပဲ ပြန်ပြရမလား ဝေခွဲမရ ဖြစ်သွားသည်။

ညက သူ. . သရဲလက်ထဲက မိမိကို ကူညီထားတာမလား ကျေးဇူးတင်စကားတော့ ပြောဖို့သင့်သည်။

မြမိုးစက် ဘာမှဆက်စဉ်းစားမနေတော့ဘဲ ခြံထဲ ဆင်း လာခဲ့သည်။

သူ့အပြုံးမှာ မိုးသောက်ဆန်ဆန် နုပျိုလန်းဆန်းလို့နေ ပါသည်။

"မိုးက အစောကြီး ထ,တတ်သားပဲ"

"ဟုတ်တယ်. . ကျွန်မ ငယ်ငယ်ကတည်းက စောစောနိုး တတ်တဲ့အကျင့် ရှိတယ်၊ ရှင် ဒီကို အစောကြီး ဘာလာလုပ်တာ လဲ၊ မိုးတောင် မလင်းသေးဘူး"

သူက ဂျာကင်ထဲမှ လက်ကို ထုတ်ကာ ဆံပင်များကို သပ်တင်နေသည်။

သူ့ပုံမှာ လူပျိုပေါက်ကလေးလို ရှက်ဝဲဝဲဟန် ဖြစ်နေ သည်။

"ကျွန်တော် တစ်ညလုံး ဒီမှာ လာထိုင်နေတာ"

"အိုး!. . ရှင်မအိပ်ရသေးဘူးပေါ့၊ ဟုတ်လား. . ဟင်. ."

"ဟုတ်တယ်. . . ဒါပေမယ့် ခုတော့ ကျွန်တော် အိပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပျက်ရကျိုး နပ်သွားပြီလေ”

မြမိုးစက်မှာ ဘာဆက်ပြောရမလဲမသိ ဖြစ်သွားသည်။

တစ်ညလုံး မအိပ်ဘဲ မိန်းကလေးတစ်ယောက်နေသော ခြံရှေ့ လာထိုင်စောင့်ကြည့်နေသော ရှူးသွပ်သူလည်း ရှိသေးသ တဲ့. . .။

ဘာပဲဖြစ်ဖြစ် မြမိုးစက်တစ်ယောက် သူ့ရဲ့လုပ်ရပ်အပေါ် အတော်ကြီး စိတ်လှုပ်ရှားသွားတာ ဝန်ခံပါသည်။

“ညက ရှင့်ကို ကျွန်မ သိပ်စိတ်ပူနေခဲ့တာ”

မြမိုးစက်က စကားလမ်းကြောင်းလွှဲလိုက်သည်။

“ရှင် အဲ့ဒီအရိပ်ကြီးကို စိန်ခေါ်လိုက်တုန်းက ကျွန်မဖြင့် ယုံတောင်မယုံနိုင်ဘူး၊ ရှင်မကြောက်ဘူးလားဟင်. .”

သူက ရယ်ပါသည်။

“ဘာကြောက်စရာရှိလို့လဲ”

“အို!. . သရဲကို မကြောက်တဲ့လူဆိုလို့ ရှင်တစ်ယောက်ပဲ ကျွန်မဖြင့် မြင်ဖူးသေးတယ်”

“ကျွန်တော်က ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှု ရှိတယ်လေ၊ ဘုရားကို နှလုံးသွင်း အာရုံစူးစိုက်ထားတော့ သူ ကျွန်တော့်ကို ယှဉ်လို့ဘယ်ရမလဲ၊ သူက ဘုန်းနိမ့်တယ်လေ”

မြမိုးစက် သူ့ကို အထင်ကြီး လေးစားသွားရပါသည်။

“ကျွန်မ ခုထိ ဘာသာရေး မလုပ်ဖြစ်သေးဘူး၊ ဘုရားကို တော့ ယုံကြည်ပါတယ်၊ ဘုရားရှိခိုး ပုတီးစိတ် တရားထိုင် လုပ်ရ မှာ ပျင်းတယ်၊ အဲ့ဒါ အဘိုးကြီး အဘွားကြီးတွေမှ သေခါနီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝကူးကောင်းအောင် လုပ်ကြတာလို့ပဲ စိတ်ထဲယူခဲ့ထား တာ. . .”

သူ့မျက်နှာမှာ နည်းနည်းပြောင်းလဲသွားပါသည်။

“သေခြင်းတရားကတော့ အသက်ကြီးမှရယ် မဟုတ်ပါဘူး၊ လူငယ်တွေဆီမှာလဲ ရှိနိုင်တာပဲ၊ အဓိက,က စွဲလန်းမှုပါ၊ စွဲလန်း မှုရှိရင် ဘဝကူး မကောင်းနိုင်ဘူး၊ မကျွတ်လွတ်နိုင်ဘူး”

ဝေလီဝေလင်း အချိန်ကြီးမို့ သေစကားတွေ ပြောရတာ ကျောချမ်းစရာ ကောင်းလာပါသည်။ မြမိုးစက်သည် သူပြောတာ ကိုလည်း ဆက်နားမထောင်ရဲတော့ဘဲ. . .

“ကဲ. . ဒီအကြောင်းတွေ တော်ရအောင်၊ ကျွန်မကြောက် လာပြီ”

သူက အသံထွက်အောင်ပင် ရယ်ပါသည်။

“ကျွန်မ ရှင့်ကို ခုထိ ကျေးဇူးတင်စကား မပြောရသေး ဘူးနော်၊ ရှင့်ကို ကျွန်မ ကျေးဇူးတင်ရမှာ နှစ်ခါရှိသွားပြီ”

“ဟာ. . . မလိုပါဘူးဗျာ၊ ဘယ့်နှယ်. . . အကြိမ်အရေအ တွက်နဲ့ပါ မှတ်ထားရတာလဲ”

မြမိုးစက်က သူ့မျက်နှာကို ပြုံးလဲ့လဲ့လေး စိုက်ကြည့်လိုက် ပါသည်။

“လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ကျွန်မ လမ်းလျှောက် ဖို့ ကျောပိုးအိတ် ခင်းပေးခဲ့တုန်းက တစ်ခါ. .၊ ညက တစ်ခါ. . နှစ်ခါရှိသွားပြီ၊ ကျွန်မ ရှင့်ကို နှစ်ခါစာပေါင်းပြီး ကျေးဇူးတင်ပါ တယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက်က လက်လေးနှစ်ချောင်း ထောင်ကာ ခပ်ရွှန်းရွှန်းလေး ပြောလိုက်သည်။

"အိမ်ထဲ မခေါ်နိုင်တာတော့ တစ်မျိုးမထင်နဲ့နော်၊ သော့တွေက အန်တီကြီးတွေဆီမှာလေ၊ ပြီးတော့ သူတို့က ယောကျ်ားလေးဧည့်သည် လာလည်ရင် မကြိုက်ကြဘူး၊ ကျွန်မ ရှင့်ကို ဆိုင်တစ်ဆိုင်ဆိုင်မှာ ကျွေးပါ့မယ်၊ ရုံးပိတ်ရက် တစ်ရက်ရက်ပေါ့. . ."

"ကျွေးစရာ မလိုပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော် မိုးဆီက အခွင့်အရေးတစ်ခုတော့ တောင်းချင်ပါတယ်"

မြမိုးစက်က နည်းနည်းတော့ ထိတ်လန့်သွားရသည်။

ယောကျ်ားတွေဟာ ဒီလိုချည်းပဲ ထင်ပါရဲ့. . .။

နည်းနည်းလေး ရင်းနှီးသွားတာနှင့် အခွင့်အရေး ယူချင်လာပြီ။ သူကတော့ ကျေးဇူးရှိထားတာမို့ အပြတ်ပြောလို့မကောင်း။

"တခြားမဟုတ်ပါဘူး၊ မိုး ရုံးပြန်ချိန်တွေမှာ ကျွန်တော်လိုက်ပို့ပေးပါရစေ၊ ဟိုသရဲကို စိတ်မချလို့ပါ၊ တခြားက ပြန်စရာလမ်းလည်း မရှိဘူး မဟုတ်လား"

ထင်ထားသော စကားမျိုး မဟုတ်တာကြောင့် မြမိုးစက်မှာ သူ့ကို အားနာသွားရသည်။ ကျေးဇူးလည်း အတော်တင်သွားရသည်။

"ကျေးဇူးတင်လိုက်တာ. . . ကျွန်မကတောင် ပြောဦးမလို့၊ ကျွန်မမှာ အိမ်ပြန်ဖို့ အဖော်မရှိဘူး"

သူ့မျက်နှာမှာ ကြည်နူးမြူးပျရိပ် ပေါ်လွင်လှပါသည်။

ကြည့်စမ်း. . . ရုံးပြန်လိုက်ပို့ခွင့်လေး ပေးလိုက်တာနဲ့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပျော်သွားတာ ဘယ်လောက်ရိုးစင်းလိုက်တဲ့ ကောင်ကလေးလဲ. . .။

ထို့နောက် သူ့မျက်နှာမှာ ပြန်တည်ကြည်သွားပါသည်။ တစ်စုံတစ်ခုအတွက် အပြောရခက်နေပုံရပါသည်။

ချီတုံချတုံ ဖြစ်နေပုံမျိုး တွေ့ရတာကြောင့် မြမိုးစက်မှာ စိတ်ဝင်စားလာကာ လမ်းဖွင့်ပေးလိုက်မိသည်။

"ရှင် တစ်ခုခု ပြောစရာရှိနေပုံပဲ"

သူက ခေါင်းဆတ်ခနဲ ညိတ်ပြ၏။

"ကျွန်တော် မိုးကို အလေးအနက် ပြောစရာတစ်ခုရှိတယ်"

မြမိုးစက်က စကားထောက်မပေးဘဲ အသာနားစွင့်နေလိုက်သည်။

"ပုလဲလေးလုံးဆိုတာ မဝတ်ဆင်အပ်ဘူး၊ ပုလဲဆိုတာ လောကီရတနာ ကျက်သရေဆောင်ဖြစ်တယ်၊ အင်မတန် မွန်မြတ်တန်ဖိုးကြီးမားတယ်၊

လေးဆိုတာကတော့ အမင်္ဂလာနိမိတ်ဂဏန်းပဲ၊ လေးဂဏန်းကို ဆောင်တဲ့သူတွေဟာ အန္တရာယ်ကို ကာပြန်နိုင်တဲ့အစွမ်းသတ္တိမျိုး ရှိသူတွေမှ ဆောင်အပ်တယ်. . .

အဲ့ဒီလို ကာပြန်တိုက်ခိုက်နိုင်တဲ့ အစွမ်းသတ္တိမျိုး မရှိဘူးဆိုရင် လေးဂဏန်းဟာ ရှောင်သင့်တယ်၊ မိုး အဲ့ဒီပုလဲလေးလုံး လော့ကတ်ကို မဝတ်ပါနဲ့"

သူ ပြောတာကို နားထောင်ရင်း မြမိုးစက် ကြက်သီးများ

www.burmeseclassic.com



တဖြန်းဖြန်း ထလာခဲ့သည်။

"မိုး စဉ်းစားပါ. .၊ ကျွန်တော် အလေးအနက်ထားပြီး ပြောပြနေတာပါ၊ မိုး ဒုက္ခတွေ့မှာစိုးလို့"

"ဟင့်အင်း. . ဟင့်အင်း. . အယုံအကြည် မရှိဘူး"

လော့ကတ်လေးကို သူမ အင်မတန် မြတ်နိုးစွဲမက်နေမိပါပြီ။ မဝတ်ဘဲ မနေနိုင်တော့ပါ. . .။

"ကောင်းပြီလေ. . ဘာပဲဖြစ်ဖြစ် မိုးဒုက္ခမရောက်အောင် ကျွန်တော်စောင့်ရှောက်မှာပါ၊ ကျွန်တော့်ကိုသာ အထင်မလွဲပါနဲ့ တဲ. . . ကျွန်တော် သွားတော့မယ်၊ မိုးလဲ စာကျက်ရဦးမှာ မဟုတ်လား. . ."

မြမိုးစက် တအံ့တသြ ဖြစ်သွားသည်။

သူမ စာကျက်စရာရှိတာ သူ ဘယ်လိုများ သိနေပါလိမ့်!။

ဖြည်းညင်းစွာ ထွက်ခွာသွားသော သူ့ကျောပြင်ကိုကြည့်ပြီး မြမိုးစက်မှာ အံ့အားတသင့် ငေးစိုက်ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၆)

# မျက်လုံးနှစ်လုံးသာရှိသောသရဲ

အမှန်အတိုင်း ဝန်ခံရလျှင်.. သူ ဘေးမှာရှိနေတာ မြမိုးစက်အတွက် အတော်အားရှိစေပါသည်။

"ကမ္ဘာက နယ်မှာ ဘာလုပ်ငန်း လုပ်တာလဲ.."

"ကျွန်တော် ကျောက်တူးတာပါ.."

မြမိုးစက် အတော်အံ့ဩသွားရသည်။ သူ့လို နုဖတ်သန့်ခင် နေပုံမျိုးနှင့် သူ့အလုပ်ဟာ နည်းနည်းမှ မအပ်စပ်ပါ။

"အတော်ပင်ပန်းမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးပြပါသည်။ သူ့အပြုံးမှာ ရင့်ကျက်လှပါသည်။

"ငွေလိုချင်တော့လည်း အပင်ပန်းဒဏ် ခံနိုင်သွားတာပါပဲ၊ ကျွန်တော်က ရည်မှန်းချက်နဲ့ အဲဒီကိုသွားခဲ့တာ"

"ဘာရည်မှန်းချက်လဲ. . . ကျွန်မကို ပြောပြလို့ ဖြစ်မလား"

"ဖြစ်ပါတယ်. . ကျွန်တော့်ဘဝမှာ အမေတစ်ယောက်ထဲ ရှိတယ်လေ၊ အဖေလဲ မရှိဘူး. . ညီအစ်ကို မောင်နှမလဲ မရှိဘူး၊ အမေ့ကို ပြည့်ပြည့်စုံစုံ ထားချင်လို့ သွားတာ. . .၊

နောက်မျှော်လင့်ချက်တစ်ခုလဲ ရှိသေးတယ်၊ ကျွန်တော် သိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို တင့်တင့်တယ်တယ် အနေအထားနဲ့မှ ချစ်ရေးဆိုမလို့. ."

ပြောပြီး သူ့မျက်နှာမှာ ချက်ချင်းညှိုးကျသွားသည်။

မြမိုးစက်ကတော့ ရင်ဖိုနေမိပါသည်။

သူ တစ်နေ့နေ့မှာ ချစ်ရေးဆိုလာခဲ့မယ် ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို အထင်ကြီး အားကိုးစိတ်တွေတော့ သူမမှာ ကိန်းအောင်းနေပြီဖြစ်သည်။

ရေလာမြောင်းပေးသလို ဖြစ်နေမှာစိုးတာကြောင့် မြမိုးစက်က ဘာမှမပြောတော့ဘဲ နှုတ်ဆိတ်နေမိသည်။

ကုက္ကိုပင်ကြီးနား ရောက်လာခဲ့လျှင် ကျော့ထဲမှ အလိုလို စိမ့်တက်လာခဲ့သည်။

သူ့နား မသိမသာ တိုးကပ်လိုက်မိသည်။

သူ့မျက်လုံးများမှာ ခုနကနှင့် လုံးဝမတူတော့ပဲ စူးရှ စိမ်းလက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲသော်လည်း စိတ်က ကြည့်လည်းကြည့်ချင်နေသေးရာ ကုက္ကိုပင်ကြီးဆီ မော့ကြည့်မိသွားသည်။

"အံ့မယ်လေး!!. ."

ခြေလှမ်းများ တုန့်ခနဲ ရပ်မိသွားသည်။

နီရဲဝင်းပနေသော မျက်လုံးကြီးနှစ်လုံး။

ပြူးကျယ်ဝိုင်းစက်လို့နေသည်။

သို့သော် မျက်လုံးများမှလွဲလို့ ကျန်တာ ဘာမှမတွေ့ရ။

မျက်နှာလည်း မရှိ၊ နှာခေါင်း ပါးစပ်ပေါက်လည်း မရှိဘဲ မျက်လုံးကြီးနှစ်လုံးကိုသာ ကုက္ကိုပင်ကြီးပေါ်မှာ တွေ့လိုက်ရရာ လိပ်ပြာလွင့်မတတ် ဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲမိုး. ."

"ဟိုမှာ. . ဟိုမှာ. . မျက်လုံးကြီးနှစ်လုံး နီရဲနေတာပဲ"

သူက သက်ပြင်းချလိုက်ပါသည်။

"သူ ကျွန်တော်တို့ကို ဘာမှမလုပ်နိုင်တော့ပါဘူး. . ကြောက်မနေနဲ့. . . မြန်မြန်သာလျှောက်"

သူက မြန်မြန်လျှောက်ခိုင်းသော်လည်း မြမိုးစက် ခြေထောက်များမှာ ရွေ့မရတော့. .။

အကြောက်လွန်နေမိသည်မို့ ပခုံးများကို သူ့ဘက် မှီချလိုက်မိသည်။

သို့သော် သူ့ကို မမှီမိဘဲ လေဟာနယ်ထဲသာ အိခနဲ ပြိုကျသွားမိလေသည်။

မြမိုးစက် အသေအချာ ကြည့်မိတော့ သူက နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်မြဲရပ်နေလေသည်။

"ဘာဖြစ်လို့လဲ မိုး"

သူမ အဖြစ်မှန်ကို ပြောရမှာ သူ့ကို ရှက်နေမိသည်။

စိတ်ထဲ ဆန်းကြယ်လို့လည်း နေသည်။

ထိုအချိန်မှာပင် . . .

မျက်လုံးကြီးနှစ်လုံး တဖြည်းဖြည်းချင်း နိမ့်ဆင်းကျလာလေလျှင် သူမမှာ သူ့ဘက် လှည့်မကြည့်တော့ဘဲ အားကုန်ပြေးထွက်လာခဲ့သည်။

အတော်လှမ်းလှမ်းရောက်မှ ပြန်လှည့်ကြည့်မိလျှင် . . နောက်မှာ သူ့ကို အေးဆေးစွာ ကပ်လျှောက်လာတာ တွေ့ရလေသည်။

သူမ ဒီလောက်ပြေးလာတာတောင် သူက ကပ်ပါလာတာ အံ့ဩသွားမိသည်။ သူ့ကြည့်တော့လည်း လမ်းလျှောက်နေပုံမှာ အေးအေးဆေးဆေးပင် . . . ။

"ရှင့်ခြေလှမ်းတွေ အတော်မြန်တာပဲနော် . ."

သူက ဘာမှပြန်မပြောဘဲ တည်ငြိမ်စွာ ပြုံးနေသည်။

မြမိုးစက်တို့နှစ်ယောက် တိတ်ဆိတ်စွာပဲ ဆက်လျှောက်ခဲ့ကြသည်။

အိမ်နား ရောက်ခါနီးလျှင် . . .

"ကျွန်တော် ဒီကပဲ ပြန်တော့မယ်နော်၊ ခြံဝအထိ လိုက်မပို့တော့ဘူး၊ ဧည့်ခန်းမှာ သူတို့အားလုံး မိုးကို ထိုင်စောင့်နေကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြီးပြီးချင်း လှည့်ပြန်သွားတော့သည်။

သူပြောသလိုပင် ဧည့်ခန်းထဲမှာ လူစုံတက်စေ့ ရှိနေကြတာကို တွေ့ရသည်။

"မြမိုးစက်ကို စောင့်နေကြတာ၊ နောက်ကျရင် အန်တီတို့ လာကြိုကြတော့မလို့"

(ကြည့်စမ်း . . သူ့စကားမှန်နေလိုက်ပုံမှာ အတိအကျပင်)

"ရတယ် အန်တီ၊ သမီးအသိတစ်ယောက် ဒီနားအထိ လိုက်ပို့ပေးပါတယ်"

"လိုက်ပို့ပေးတယ် ဟုတ်လား . . . သွားကြည့်ကြမယ်ဟေ့"

အေးက စပြီးမောင်းတီးလိုက်လျှင် အဆောင်သူတွေ တအုပ်ကြီး ခြံပြင်ပြေးထွက်ကြည့်ကြလေတော့သည်။

"အလကား . . . မြမိုးစက် အာလူးပူရီ ရောင်းတာ၊ ဘယ်သူမှ မရှိဘဲနဲ့"

"အေးလေ . . လူအထင်ကြီးအောင် လျှောက်ကြွားနေတယ် . ."

"လူနဲ့ တူတာဆိုလို့ ဘာမှမရှိဘူး . . . ရှင်းနေတာပဲ"

တစ်ယောက်တစ်ပေါက်စီ လှောင်ပြောင်ပြောလေလျှင် မြမိုးစက်မှာ မျက်နှာအထားရခက်ကာ ရှက်ရွံ့သွားမိသည်။

"ဟာ! . . . ဘာလို့ မရှိရမှာလဲ၊ ခုပဲ လှည့်ပြန်သွားတဲ့ ဟာကို၊ တီရှပ်အဝါဖျော့နဲ့ ဘလူးဂျင်းနဲ့လေ"

"တော်ပြီ . . တော်ပြီ . . မြမိုးစက်၊ ယူ့စိတ်ကူးထဲက ချစ်သူ့ ပုံရိပ်ကို ကျုပ်တို့ မယုံကြည်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီအနီးအနားက တစ်အိမ်အိမ်ထဲ ဝင်သွားလို့လည်း ဖြစ်နိုင်တာပဲ"

"တော်ပါတော့ မြမိုးစက်ရယ်. . .၊ ယူ့လူကို ကြည့်ဖို့ ရပ်ကွက်လူကြီးခေါ်ပြီး တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကြည့်ရမလို ဖြစ်နေပြီ"

အချိန်တို ခဏအတွင်းမှာ သူ ဘယ်လိုပျောက်ကွယ်သွားသလဲ. . ?. . ။

မြမိုးစက်စိတ်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော နိုးတတ်သော မြမိုးစက်သည် ညအိပ်ရာဝင်လည်း စောတတ်သူဖြစ်သည်။

ညကိုးနာရီခွဲ တီဗွီမှလာသော ဇာတ်လမ်းတွဲများကို စောင့်ကြည့်တတ်သောအုပ်စုထဲတွင် သူမ မပါဝင်ပါ။

ရုံးမှပြန်ရောက်လို့ ရေမိုးချိုး၊ ညစာစားပြီးလျှင် စာအုပ်တစ်အုပ်ဆွဲကာ သူမအိပ်ယာထဲဝင် အနားယူတတ်မြဲ. . ။

စာမျက်နှာ နှစ်မျက်နှာခန့်မှ ဖတ်မပြီးခင် မျက်စိထဲ စာလုံးများ ဝေဝါးလာကာ လက်ထဲမှ စာအုပ်လည်း ဘုတ်ခနဲ ပြုတ်ကျအိပ်ပျော်တတ်မြဲဖြစ်သည်။

ဒီနေ့လည်း ညစာစားပြီးတာနှင့် အေးရဲ့စားပွဲပေါ်က မဂ္ဂဇင်းဟောင်းတစ်အုပ် ဆွဲယူလာကာ အိပ်ယာထဲ လှဲတော့သည်။

အိပ်မပျော့တပျော် ငိုက်မြည်းစအချိန်တွင် အေးကုတင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီမှ ချိုးချိုးချွတ်ချွတ်အသံများကြောင့် မျက်ခွံများကို မဖွင့်ချင် ဖွင့်ချင် ဖွင့်ကြည့်မိသည်။

အေးက သူမဘက် ကျောပေးကာ တစောင်းလှဲအိပ်နေသည်။ အေး တစ်ခါမှ ဒီအချိန် အိပ်ယာမဝင်ဖူးဘူး..။

ည့်ခန်းက သတင်းပြန်ကြားရေးအုပ်စုထဲမှာ လေပစ်ကောင်းတုန်း ရှိတတ်ချိန်ဖြစ်သည်။

အေးဆီမှ တဟင်းဟင်းနှင့် ညည်းသံထွက်လာသည်။

အေးက ကျန်းမာရေး ကောင်းလှသူဖြစ်သည်။

နေမကောင်းလို့သာ အိပ်ယာထဲ စောစောဝင်တာ ဖြစ်ရမည်။

"အေး..ယူ နေမကောင်းဘူးလား!"

မြမိုးစက်က အိပ်ချင်မူးတူးအသံဖြင့် လှမ်းမေးလိုက်သည်။ အေးက ပြန်မဖြေ။

တဖြည်းဖြည်းနှင့် အေးရဲ့ညည်းသံမှာ ပိုမိုကျယ်လောင်လာသည်။

အိပ်မရတော့မယ့်အတူတူ အေးကို နဖူးစမ်းကြည့်ဖို့ သူမ ထလိုက်ရတော့သည်။

"အေး..အေး..၊ ယူဘာဖြစ်သလဲ..ပြောပြပါဦး"

အေးလက်မောင်းများကို အသာအယာ ကိုင်လိုက်စဉ် 'အား'ခနဲ အော်မိကာ ချက်ချင်းပြန်လွှတ်လိုက်မိသည်။

အေးအသားများမှာ ပူခြစ်နေသည်။ ပူလောင်နေပုံမှာ သာမန်ဖျားနာ၍ အပူကြီးပုံနှင့်မတူ။ သူမတစ်ကိုယ်လုံး ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



များ တဖြန်းဖြန်း ထသွားသည်။

"အေး. . အေး. ."

သူမက အေးနာမည်ကို အဆက်မပြတ်ခေါ်ရင်း သတိဖြင့် နောက်ကိုဆုတ်လိုက်သည်။

အေးက ဝုန်းခနဲ ငုတ်တုတ်ထထိုင်ကာ သူမဘက် မျက်နှာလှည့်လိုက်လျှင် မြမိုးစက် လိပ်ပြာလွင့်မတတ် ဖြစ်သွားရသည်။

အေးမျက်လုံးများမှာ လက်ဖက်ရည်ပန်းကန်လုံး တစ်လုံးစာလောက်နီးပါး ပြူးကျယ်နေတော့ကာ နီရဲတောက်နေသည်။ မျက်လုံးထဲမှ မီးလျှံများ မီးစွယ်များ ထ,တောက်နေတော့ကာ သူမကိုပင် လာဟပ်မတတ် ပူလောင်နေတော့သည်။

ဒီမျက်လုံး. .။

ကုက္ကိုပင်ပေါ်မှ မျက်လုံး. . .။

သူမ 'အား'ခနဲ အော်ကာ အခန်းပြင် ပြေးထွက်ဖို့ပြင်လိုက်သည်။ မရ. .။

အေးရဲ့ညာဘက်လက်မှာ ရုတ်ချည်းရှည်ထွက်လာကာ သူမကို ဆွဲခေါ်လိုက်လေတော့သည်။

လက်ချောင်းများမှာ သန်မာမြဲမြံသလောက် ပူလောင်လွန်းလှသည်။

သူမလက်ကို မီးမြှိုက်ခံလိုက်ရသလို ခံစားနေရသည်။

"ပူလိုက်တာ. . . လွှတ်. . လွှတ်ပါ. . အေးရယ်၊ ကိုယ်တောင်းပန်ပါတယ်"

သူမ ခွန်အားရှိသမျှ ရုန်းကန်ရင်း တောင်းပန်တိုးလျှိုး



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

အေးမျက်နှာမှာ ကြည့်နေရင်းမှ ခက်ထန်သထက် ခက်ထန်လာသည်။ စကားပြောမလို ပါးစပ်ဟလိုက်စဉ် ဖွေးဖြူသော အစွယ်ရှည်ကြီးများမှာ မီးရောင်ထဲ လက်ခနဲ ဖြစ်သွားသည်။

သူမ ကျောရိုးတစ်လျှောက် ကြောက်စိတ်ဖြင့် ချမ်းစိမ့်တက်လာသည်။

"ငါ့ပစ္စည်း ပြန်ပေး"

"ဘာပစ္စည်းလဲ!. . . ဘာပစ္စည်းမှ ပေးစရာမရှိပါဘူး"

"ညာပြန်ပြီလား. . . လော့ကတ်ကို ပြောနေတာ၊ မင်း အသာတကြည် ပြန်ပေးမလား၊ ငါကိုယ်တိုင် ချွတ်ယူရမလား"

"မလုပ်. . . မလုပ်ပါနဲ့ အေးရယ်၊ ဒါ ကိုယ်ကောက်ရထားတာပါ"

"ဘာအေးလဲ. . ငါ အေးမဟုတ်ဘူး၊ ငါ့နာမည် ဒယ်နီရယ်၊ မင်းအခုဆွဲထားတဲ့လော့ကတ်က ငါ့ချစ်သူ ဂျက်စမင်ရဲ့ လော့တတ်"

သူမ ကြက်သေ,သေသွားမိသည်။

ထိုနာမည်များကို တစ်ခါမှ မကြားဖူးပါ။

"ကျွန်မ. . . ကျွန်မ. . ကောက်ရထားတာပဲ၊ ပိုင်ရှင်မဲ့ပဲ ဥစ္စာ. . ဘာဖြစ်လို့ ပေးရမှာလဲ"

"မင်းမပေးဘူးလား. . . ငါကိုယ်တိုင် ချွတ်ယူရင် မင်း ဂုတ်ကျိုးသွားမယ်နော်"

သူမရဲ့ဦးခေါင်းမှာ အဆမတန် ကြီးထွားလာသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ သူမမှာ လော့ကတ်ကလေးကို အင်မတန်စွဲမက်မြတ်နိုးနေမိပြီဖြစ်ရာ ဘယ်နည်းနှင့်မှ မပေးနိုင်. . ။

"မင်းဖြုတ်မပေးဘူးပေါ့. . . ဟုတ်လား"

ပူပြင်းလှသော လက်ကြီးနှစ်ဘက်မှာ သူမလည်ပင်းကို အုပ်ကိုင်လာလေသည်။

သူမတစ်ကိုယ်လုံး တုန်ခိုက်သွားကာ သွေးပျက်မတတ်ဖြစ်သွားသည်။

'လွှတ်ပါ. . လွှတ်ပါ. .'ဟု အော်ဟစ်ကြည့်သော်လည်း လည်ချောင်းထဲမှ အသံတို့ မထွက်နိုင်တော့။

နောက်ဆုံး သူမသတိရလိုက်မိသည်မှာ ကမ္ဘာဆိုသော လူတစ်ယောက်ကို ဖြစ်သည်။

အာရုံတို့ကို အသေအချာ စုစည်းကာ 'ကမ္ဘာရေ. . . လာကူညီပါဦး. .' ဟု အားကိုးတကြီး တိုင်တည်လိုက်မိသည်။

သူမအာရုံထဲ အဖြူရောင် အခိုးအငွေ့များ လွင့်မျောလာတာ မြင်လိုက်ရသည်။

ထို့နောက် ထိုအခိုးအငွေ့များက အေးကို ရစ်ပတ်လိုက်လေ လျှင် သူမလည်ပင်းကို အုပ်ကိုင်ထားသောလက်များမှာ ဖြည်းညင်းစွာ ပြေလျော့ကျသွားလေသည်။

အချုပ်အနှောင်မှ လွတ်မြောက်လျှင် လွတ်မြောက်ချင်း သူမ အခန်းပြင်သို့ ပြေးထွက်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်. . . မြမိုးစက် ဘာဖြစ်တာလဲ၊ ထိတ်လန့်တကြား"

အန်တီဒေါ်ရီရီသော်က သူမကို ဆီးမေးပါသည်။

"အို. . တစ်ကိုယ်လုံးလည်း အေးစက်လို့ပါလား၊ အိပ်မက်ဆိုးတွေ မက်လို့လား"

"သရဲခြောက်ခံရလို့. ."

"သရဲခြောက်တယ်. . ဟုတ်လား"

တီဗွီဇာတ်လမ်း ကြည့်နေကြသော အဆောင်သူများအားလုံး ပူးကပ်ကြောက်လန့်သွားကြသည်။

"အဓိပ္ပါယ်မရှိတာ၊ ဒီအိမ် ဒီခြံဝင်းထဲမှာ ဘယ်တုန်းကမှ သရဲမရှိခဲ့ဖူးဘူး၊ ဘယ်သူမှလည်း အခြောက်မခံခဲ့ရဖူးဘူး"

အန်တီဒေါ်မီမီသော်က မြမိုးစက်စကားကို လက်မခံချင်နည်းနည်းလည်း စိတ်ဆိုးသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး တကယ်အခြောက်ခံရတာ အန်တီ၊ လည်ပင်းကို အညှစ်ခံရတယ်"

"မင်းအိပ်မက်မက်နေတာ ဖြစ်မှာပါ"

ဒေါ်မီမီသော်က သူမစကားကို လုံးဝလက်မခံပါ။

"ကဲပါ. . လာ. . ပြန်အိပ်၊ ကိုယ် မင်းအိပ်ပျော်တဲ့အထိ အဖော်လုပ်ပြီးစောင့်ပေးမယ်"

အသံရှင်ကို လှည့်ကြည့်လိုက်လျှင် သူမတစ်ကိုယ်လုံး တောင့်တင်းသွားရသည်။

အေး. . .။

အေးက သူမကို လက်ကမ်းပေးသည်။

အေးလက်ကို သူမ ပြန်မတွဲရဲပါ။

"အေး. . . မင်းခုနက ကိုယ်နဲ့အတူ အိပ်နေတာမဟုတ်လား၊ ညှော့ခန်းထဲ ဘယ်အချိန်က ရောက်နေတာလဲ"

အေးက သူမကို သနားစရာ သတ္တဝါတစ်ကောင်လို ရယ်မောပါသည်။

"ကိုယ် ဒီမှာ တစ်ချိန်လုံး ရှိနေတယ်၊ ဇာတ်လမ်းကြည့်နေတာ၊ မင်းအိပ်မက်,မက်နေတာ သေချာတယ်"

မဟုတ်သေးဘူး. .။ တစ်ခုခုတော့ လွဲချော်နေပြီ။

ခုနက အခန်းထဲမှာ အိပ်နေတာ အေးမှ အေးအစစ်ပါ. .။

"မယုံဘူးလား. . ဒီကလူတွေ အကုန်မေးကြည့်၊ ကိုယ် ဇာတ်လမ်းကြည့်နေတာ အကုန်သိတယ်၊ လာပါ. . ကိုယ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



စောင့်ပေးပါ့မယ်၊ ပြန်အိပ်တော့. . "

"မြမိုးစက်. . ယူ အိပ်လို့မပျော်ဘူးဆိုရင် ဒီလေး အွန်လိုက်ပါလား"

သူနာပြုဆရာမ နှင်းက အကြံပေးသည်။

"ကိုယ် ဒီည ကိုယ့်အခန်းထဲမှာတော့ မအိပ်ရဲတော့ဘူး"

တကယ်တော့ သူမ အေးနှင့်အတူ မအိပ်ရဲတော့တာ ဖြစ်သည်။

"အိုကေ. . . ဒါဆို ကိုယ်တို့အခန်းထဲလာအိပ်"

အိအိက သူတို့အခန်းမှာ လာအိပ်ဖို့ခေါ်လျှင် အမြန်ခေါင်းညိတ်ပြလိုက်သည်။ အေးနှင့် တစ်ခန်းထဲ အတူမအိပ်ရလျှင် ပြီးတာပဲ။

ထိုညက နှင်းတိုက်သော အိပ်ဆေးတစ်လုံးသောက်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

# ကိုယ်ယောင်ဖျောက်တတ်တဲ့ ဝိညာဉ်

ထို အဖြစ်အပျက်များ ဖြစ်ပြီးသည့်နောက်. . . စနေ တနင်္ဂနွေ ရုံးပိတ်ရက် နှစ်ရက်နှင့် ကြုံကြိုက်ရာ မှောင်စပျိုးလို့ ရုံးဆင်းချိန်မှာ ကုက္ကိုပင်ကြီးအောက်က ဖြတ်စရာ မလိုတော့တဲ့ အတွက် အနည်းငယ် စိတ်ချမ်းသာရာ ရခဲ့ပါသည်။

အေးနှင့်လည်း အတူမအိပ်ရဲတော့ဘဲ လူများသော အိအိ တို့အခန်းမှာ အလယ်က ကြားဝင်ကာ တိုးကပ်ကြပ်ညှပ်ကာသာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်အိပ်တော့သည်။

မနက်လည်း မိုးမလင်းသေးမီ အရင်လို စောစောမထရဲတော့. . ။ အိပ်ရာထဲမှာသာ အသံတိတ် စာကျက်ရသည်။

စနေနေ့ညမှာတော့ သဲသဲက ထူးထူးဆန်းဆန်း စကားစလာသည်။

"မနက်ကျရင် စောစောထ လမ်းလျှောက်ကြရအောင်ကွာ၊ ဆောင်းဝင်လာပြီကွ. . . မနက်စောစော လမ်းထလျှောက်ရတာ မိုက်တယ်. . . ဘယ်လိုလဲ"

"ကောင်းတယ်. . အိလဲ ဝိတ်နည်းနည်းတက်လာလို့ ဝိတ်ချချင်တာနဲ့ အတော်ပဲ၊ အိ လျှောက်မယ်"

"ကိုယ်လည်း လျှောက်မယ်ဟေ့၊ ကိုယ်က မနက်ဆိုအစောကြီး နိုးနေတာ၊ ယူတို့ မနိုးသေးတော့ တစ်ယောက်ထဲ သိပ်ငေါင်တာ"

မြမိုးစက်ကပါ ဝင်ပြောလိုက်သည်။

"အိုကေ. . ကောင်းပြီ၊ မနက်စောစော လမ်းထလျှောက်ချင်တဲ့သူတွေ စောစောထကြပေါ့၊ နှိုးစက်လဲ ပေးထားဦး"

"မလိုပါဘူး. . . ကိုယ်နှိုးပါတယ်"

"အန်တီတို့ဆီက သော့လဲ ကြိုတောင်းထားဦး"

မြမိုးစက်တို့ လမ်းထလျှောက်ကြမယ့် အစီအစဉ်ကို အိမ်ရှင်အန်တီကြီးတို့က ညည်းညည်းညူညူနှင့် လိုက်ပြောပါသည်။

"ညည်းတို့က ကျန်းမာရေးအတွက် လမ်းထလျှောက်ချင်

www.burmeseclassic.com



ကြတယ်ဆိုတော့လည်း ခွင့်ပြုရတော့မှာပေါ့၊ ညည်းတို့ ထတဲ့အချိန် ကျုပ်တို့ပါ လိုက်ထပြီး ညည်းတို့ ပြန်မလာမချင်း ထိုင်စောင့်ရတော့မှာပေါ့၊ တော်ကြာ မနက်ဝေလီဝေလင်းကြီး သူခိုးဝင်ခိုးခံရတယ်ဆိုရင် ကျော်မကောင်းကြားမကောင်း. . "

"ဒီအိမ်မှာ ခိုးစရာဆိုလို့ ဂေါ်မစွဲတဲ့ အပျိုသိုးကြီးတွေပဲရှိတာပါ"

နှင်းက ခမ်တိုးတိုး အတင်းတုတ်လျှင် ကြိတ်ရယ်ကြရသည်။

"အိမ်ကို သော့ပိတ်ခဲ့ပြီး အန်တီတို့ပါ လိုက်ခဲ့ပါလား"

"အံမယ်လေး. . နေပါ၊ ဒူးတွေက မကောင်းလို့ ကိုယ့်ခြံထဲတောင်ကိုယ် တစ်ပတ်ပြည့်အောင် လျှောက်နိုင်တာမဟုတ်ဘူး"

"အိမ်ကြီးသော့ပိတ်ထားခဲ့ရင်လည်း မီးရေးထင်းရေး စိတ်ပူရသေးတယ်"

အပျိုကြီးညီအစ်မရဲ့ ပူပင်သောကများကို သူမတို့ ပခုံးတွန့်လိုက်မိကြသည်။

"ကဲ. . ကဲ. . စောစော အိပ်ရာဝင်ကြပေတော့၊ မနက်ကျရင် လမ်းလျှောက်ရင်း အိပ်ငိုက်နေကြဦးမယ်"

သူမတို့အားလုံး စောစောအိပ်ရာဝင်ခဲ့ကြပါသည်။

လူငယ်များပီပီ လှပသော နံနက်ခင်းတွင် ရှုံးအပြည့်ဖြင့် လမ်းထလျှောက်ရန် အားလုံးတက်ကြွနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက် နိုး၍ မီးဖွင့်လိုက်တာနှင့် အားလုံးမှာ တိုင်ပင်ထားသလို အသီးသီး နိုးလာကြပါသည်။

အိပ်မှုန်စုံမွှားနှင့် မျက်နှာထသစ်ကြကာ စောစောစီးစီး အလှပြင်ကြပါတော့သည်။ မြမိုးစက်ကတော့ အဖြူရောင် ဂျင်းဂျက်ကက်နှင့် အဖြူရောင် ဂျင်းစကတ်ကို ဝမ်းဆက် ဝတ်လိုက်သည်။ ဂျင်းဦးထုပ်ကလည်း အဖြူရောင်။

"ဟေး . . . မြမိုးစက်က ဟောလိဝုဒ် စတိုင်လ်ပါလား၊ စောစောစီးစီး စကတ်အတိုနဲ့ ဒူးမချမ်းဘူးလား"

"ဟင့်အင်း . . . လမ်းလျှောက်ရင်းနဲ့ နွေးသွားမှာလေ"

မြမိုးစက်တို့အုပ်စု ပေါ့ပါးလန်းဆန်းစွာ လမ်းလျှောက်ခဲ့ကြသည်။

လမ်းမမှာ မြူတွေနှင့် ပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့အနောက်ကို ဝါးတစ်ရိုက်အကွာလောက် သဲသဲကွဲကွဲ မမြင်ရသေး။

မြူတွေထဲ တိုးဝင်လမ်းလျှောက်ရသလို ဖြစ်နေသည်။

မြမိုးစက်စိတ်ထဲ တစ်စုံတစ်ယောက် နောက်ကပါလာတယ် ထင်မိသည်။

ကြည်နူးသလိုလိုလေး ခံစားနေမိသည်မှာ ဆန်းကြယ်နေသည်။

ကမ္ဘာများ နောက်ကပါလာသလား..။ စိတ်ထဲ ခံစားမိပြီး အုပ်စုနှင့် မသိမသာ ခွဲထွက်ကာ နောက်ချန်နေခဲ့မိသည်။

"မိုး...စောစော လမ်းထလျှောက်တာလား"

ထင်ထားသည့်အတိုင်းပဲ ဖြစ်ပါသည်။

"ကျွန်မထင်တယ်၊ ရှင် နောက်က ပါလာတယ်လို့"

"တယ်လီပသီလေ..ကျွန်တော် မိုးကို စိတ်ချင်းဆက်သွယ်လိုက်တာ"

ကမ္ဘာ့စကားကို နှစ်မွေ့သွားရကာ ကြည်ကြည်နူးနူး ပြုံးပြလိုက်မိသည်။

"အတော်ပဲ...ကျွန်မသူငယ်ချင်းတွေက ရှင့်ကို တွေ့ချင်နေကြတာ၊ မိတ်ဆက်ပေးမယ်"

သူ့မျက်နှာမှာ ချက်ချင်း စိုးရိမ်သည့်အမူအယာများ ပေါ်လာသည်။

"ဟင့်အင်း...မိတ်ဆက်မပေးပါနဲ့"

သူက ပျာပျာသလဲ ငြင်းလေလျှင် မြမိုးစက်မှာ နားမလည်



www.burmeseclassic.com

www.burmeseclassic.com



နိုင် ဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲ ကမ္ဘာ"

သူက ပြောရခက်သလို ဆံပင်များကို ထိုးဖွနေသည်။

"မိန်းကလေးတွေက အုပ်စုများရင် ဗရုတ်ကျတတ်တယ်လေ၊ ကျွန်တော့်ကို လှောင်မှာကြောက်တယ်. . သွားတော့မယ်နော်"

သူက ဘာမပြောညာမပြောနှင့် နှုတ်ဆက်ကာ အသော့နှင်သွားတော့သည်။

မြမိုးစက်ကလည်း ရှေ့မှ သူငယ်ချင်းများနောက်ကို အမှီလျှောက်ကာ. . .

"ဟော့. . ခုနက ဂျာကင်အပြာနဲ့ လူတစ်ယောက် တွေ့လိုက်တယ် မဟုတ်လား၊ အဲ့ဒါ ကိုယ်ပြောတဲ့ကမ္ဘာလေ"

သူတို့မျက်နှာမှာ တွေးတွေးဆဆ ဖြစ်သွားကြပါသည်။

"တွေ့လိုက်မိသလိုပဲ. . . သတိမထားလိုက်မိဘူး"

"ဂျာကင်အပြာနဲ့ လူတစ်ယောက် ခပ်သုတ်သုတ် ဖြတ်လျှောက်သွားတာတော့ တွေ့တယ်၊ မျက်နှာတော့ သေချာမကြည့်လိုက်မိဘူး"

"နေပါဦး. . . ယူက ခုနက နောက်ချန်နေခဲ့တာ ယူ့လူလိုက်လာလို့ပေါ့. . . ဟုတ်လား"

မြမိုးစက်က သဲသဲမေးတာကို ဘာမှပြန်မဖြေပဲ အပြုံးနှင့်ဝန်ခံလိုက်ပါသည်။

"ယူက မိတ်တောင်ဆက်မပေးဘူး"

"သူက ယူတို့ လောင်စိန်လုပ်မှာကြောက်လို့ လစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာသေချာမကြည့်လိုက်မိတာ နာတာပဲ၊ ဥပမိကို မမြင်လိုက်ရဘူး"

"ယူတို့အချစ်တော် ဘရက်ပစ်ထက် အများကြီးသာတယ် တိဟိ. ."

အားလုံး မျက်စောင်းဝိုင်းထိုးတာ ခံလိုက်ရတော့သည်။

မြမိုးစက်က တဟားဟား အော်ရယ်နေလိုက်ပါသည်။

"ဘာပဲဖြစ်ဖြစ်လေ. . ကမ္ဘာဆိုတဲ့လူတစ်ယောက် တကယ် ရှိတာကိုတော့ ကိုယ်တို့ လက်ခံလိုက်ပါပြီ. .၊ ယူ့ကို နောက်ဆို အာလူးပူရိုလို့ မနောက်တော့ပါဘူး"

ခုမှ သူမ စိတ်သက်သာရာ ရသွားပါသည်။ အတော် လှမ်းလှမ်း လျှောက်မိလာခဲ့လျှင် မြူများ တဖြည်းဖြည်း ပါးလာကာ အလင်းရောင် စိမ့်ဝင်စ ပြုလာတော့သည်။

ဗိုက်ထဲလဲ ဆာလာသလို ရှိသည်။

"ဟော့. . . ဗိုက်မဆာကြဘူးလား၊ တစ်ခုခု စားကြရအောင်၊ ဒီအချိန် လမ်းထိပ်ကဆိုင်တွေ ဖွင့်လောက်ပါပြီ"

"စားကြတာပေ့ါ"

လက်ဖက်ရည်ဆိုင်ကို လှမ်းမြင်ရချိန်တွင် အတွင်းဘက် အားပွဲတစ်ခုမှာ သူ့ကို တစ်ယောက်တည်း တွေ့လိုက်ရသည်။

မြမိုးစက်က သူငယ်ချင်းများကို ဝမ်းသာအားရ လှမ်းပြ လိုက်သည်။

"ဟော့. . ဟိုမှာ. . ဟိုမှာ တွေ့ကြလား၊ ဂျာကင်အပြာ လေး"



www.burmeseclassic.com

www.burmeseclassic.com



"ချောမယ့်ပုံပဲ. . . မျက်နှာကို သဲသဲကွဲကွဲ မမြင်ရဘူး"

"မြန်မြန်လျှောက်ကြဟေ့. . . သူ့ကို ဝိုင်းပြီးညှဉ်းဆဲရအောင်"

မိန်းကလေးတစ်သိုက် ကြုံးဝါးနေချိန်တွင် သူက ဆိုင်ထဲမှ ထွက်သွားတော့သည်။

"ဟာ. . . ထွက်သွားပြီဟေ့၊ လာ. . . နောက်ယောင်ခံလိုက်ကြည့်ရအောင်"

သူမတို့ ခတ်သွက်သွက် လိုက်ကြည့်ကြသော်လည်း သူ့အရိပ်အယောင်ကို မမြင်ရတော့. . ။

"ဘယ်လမ်းထဲ ဝင်သွားလဲ မသိဘူးနော်၊ လုံးဝမတွေ့ရတော့ဘူး"

"မျက်စိရှေ့တင် ပျောက်သွားတာ"

"မြမိုးစက်. . ကေန္တ မင်းလူမှာ ကိုယ်ပျောက်ဂါထာ ရှိတယ်ထင်တယ်"

"ကိုယ်တို့အုပ်စုကို ကြောက်လို့ ထွက်ပြေးသွားတာ သေချာပါတယ်"

တစ်ယောက်တစ်မျိုး ထင်ကြေးပေးကြရင်း မြမိုးစက်တို့တတွေ မချင့်မရဲဖြစ်ကာ ကျန်ရစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၈)

# ခဲမထိတဲ့ဝိညာဉ်

မနေ့တော့ မြမိုးစက်က သူတို့နှင့် လမ်းခွဲထွက်လာခဲ့သည်။ ကမ္ဘာ မနီးမဝေးမှာ ရှိနေတယ်ဆိုတာ ခံစားသိနေသည်။ မြမိုးစက် ခြေလှမ်းများကို ရပ်ပစ်လိုက်ကာ လက်ပိုက်လျက် စောင့်နေလိုက်သည်။

မြူမှုန်တွေကြားထဲ ခေါင်းစွပ်ဂျာကင်ဝတ်ထားသော လူငယ်တစ်ယောက် တရွေ့ရွေ့ တိုးဝင်လာလျှင် သူမက ဟိုဘက်လှည့်နေလိုက်သည်။

ထိုလူငယ်လေးက သူမကို ကျော်သွားလျှင် ခဲသေးသေး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ကောက်ကာ လှမ်းပေါက်လိုက်သည်။ ခဲလုံးလေးက သူ့ကို တည့်တည့်မတ်မတ် ထိသွားသော်လည်း သူကလှည့်မကြည့်၊ သူ့ပုံက ခဲနှင့်ပစ်တာတောင် သိပုံမပေါ် . . ။

ခဲလုံးက သေးလို့များလား။

နောက်ထပ် ခဲကြီးကြီးတစ်လုံး ရှာကာ ထပ်ပစ်လိုက်သည်။

မထူး . . ။ သူ့ကို ထိသော်လည်း လှည့်မကြည့်။

မြမိုးစက် စိတ်မရှည်တော့ဘဲ . . .

**"ကမ္ဘာ"**

ဟု ကုန်းအော်ထည့်လိုက်သည်။

ကမ္ဘာက ပြုံးကာ လှည့်ကြည့်သည်။

"မိုး ဒီမှာရှိနေတာ ကျွန်တော်သိပါတယ်၊ နောက်ချင်လို့ တမင်မသိချင်ယောင်ဆောင်ပြီး ကျော်သွားတာ"

"ကျွန်မ ခဲနဲ့ပေါက်တာရော ရှင်သိသိကြီးနဲ့ ကျော်သွားတာလား"

မြမိုးစက်က မကျေမနပ် မေးလိုက်သည်။

"ကျွန်တော့်အကျီက ထူတော့ ခဲနဲ့ထိတာ မသိဘူး"

သူ့စကားမှာ ယုတ္တိတန်သော်လည်း မြမိုးစက်က သိပ် မကျေနပ်ချင်သေးပါ။ စိတ်နည်းနည်းတိုသွားရတာမို့ မြမိုးစက် သူ့ကို စကားမပြောတော့ဘဲ ခပ်တည်တည်နေမိသည်။

"မိုး . . . ကျွန်တော့်ကို ခဲနဲ့လှမ်းပစ်တာ မသိတာလေး ကြောင့် စိတ်ဆိုးသွားတာလား"

သူ့အသံမှာ ခနဲ့သံ စွက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက်က ဘာမှပြန်မပြောပါ။

"မိုးရယ်. . . ဒါလောက်လေးကြောင့်တော့ ကျွန်တော့်ကို စိတ်မဆိုးသင့်ပါဘူး၊ ကျွန်တော် မိုးကို တွေ့ချင်လွန်းလို့ ဟိုးအဝေးကြီးက လာခဲ့ရတာပါ"

သူ့အသံမှာ ဆွေးလျှနေပါသည်။

မြမိုးစက်က တည်ထားသောမျက်နှာထားကို နည်းနည်းလျှော့လိုက်မိသည်။

"မိုးအနားမှာ ကျွန်တော် အမြဲရှိပါတယ်၊ မိုးအတွက်ဆိုရင် ကျွန်တော့်အသက်ဝိညာဉ်ကို ပေးဆပ်ထားတာပါ"

သူ့အသံမှာ လိမ်လည်လှည့်ဖြားသော အသံမဟုတ်မှန်း မြမိုးစက်က သိပါသည်။

နင့်ဆွေးသော သူ့စကားသံကြောင့် မြမိုးစက် စိတ်တို့ ပြန်ကြည်လင်သွားရသည်။

ဘာမဟုတ်တာလေးနဲ့ သူ့ကို စိတ်မဆိုးသင့်မှန်း ကိုယ့်ကိုယ်ကို ပြန်သတိပေးလိုက်သည်။

"ဆောရီး. . . ကျွန်မ ကလေးဆန်သွားတယ်"

မြမိုးစက်က တောင်းပန်လိုက်ပါသည်။

သူက အမှားတစ်ခုကို ကျူးလွန်မိသော ကလေးတစ်ယောက်ကို ပြုံးပြသော ခွင့်လွှတ်ပြုံးမျိုး သူမကို ပြန်ပြုံးပြပါသည်။

"ဟိုတစ်ညကလေ. . . ကျွန်မ သရဲခြောက်ခံရတယ်၊ ကျွန်မကို လည်ပင်းလာညှစ်တာ၊ အဲ့ဒါ စိတ်ထဲက ရှင့်ကို တလိုက်တာ သရဲလက်က လွတ်သွားတယ်၊ ရှင့်မှာ အဲ့ဒီသရဲကိုနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တန်ခိုးတော့ ရှိရမယ်၊ ဟုတ်တယ်မဟုတ်လား. ."

သူက အသာအယာ ပြုံးလျက်နေပါသည်။

"အဲ့ဒါကို ကျွန်မ ပြောပြတာလေ. . ဘယ်သူမှ မယုံကြဘူး၊ ကျွန်မကို အရူးလို ဆက်ဆံကြတယ်၊ ဟိုတစ်နေ့က ရှင် လိုက်ပို့ပေးတယ်ဆိုတာကိုလဲ မယုံကြဘူး၊ မနေ့မနက်က ရှင့်ကို ပြလိုက်တော့မှ ယုံသွားကြတာ၊ ဒါတောင်. . ရှင့်ကို သေသေချာချာ မမြင်လိုက်ကြရလို့တဲ့ မကျေနပ်ချင်ကြဘူး"

သူ့မျက်နှာမှာ မသိမသာ ပျက်ယွင်းသွားပါသည်။

"ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဗျာ၊ မိုးက လွဲလို့"

သူ့စကားကို မြမိုးစက် အနည်းငယ် မယုံသင်္ကာ ဖြစ်သွားရပါသည်။

"ရှင် ရာဇဝတ်မှု တစ်ခုခုများ ကျူးလွန်ထားသလားဟင် ကမ္ဘာ၊ ရှင့်ကို တွေ့လိုက်ရရင် နေဝင်ရီတရောနဲ့ မိုးမလင်းခင် ဝေလီဝေလင်းအချိန်တွေချည်းပဲ၊ ရှင့်ကို မရိုးသားဘူးလို့တော့ ကျွန်မထင်တယ်"

သူ့မျက်နှာမှာ မှိုင်းပျသွားပါသည်။

"မဟုတ်ရပါဘူးဗျာ. . . ကျွန်တော် ဘာပြစ်မှုမှလည်း မကျူးလွန်ထားပါဘူး၊ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပါ၊ ဘာမရိုးသားမှုမှလည်း မရှိပါဘူး"

သူက မြမိုးစက်ရှေ့မှာ ပိတ်ကာရပ်လိုက်ပြီး သူမရဲ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်သည်။

သူ့မျက်ဝန်းများမှာ နင့်ဆွေးကြေကွဲနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဟိုးအဝေးကြီးကနေ ဒီကိုဘာလို့အရောက် လာခဲ့ရသလဲ. . မိုး. . သိလား!. . "

သူမက မျက်လွှာချလျက် ဖြည်းညင်းစွာ ခေါင်းခါပြ လိုက်သည်။

"မိုးကို စွဲလန်းရလွန်းလို့"

"ရှင်. . . "

မြမိုးစက်မှာ မျက်လုံးအဝိုင်းသား ဖြစ်သွားရပါသည်။

ရင်ထဲ တလှပ်လှပ် ဖိုလာတော့သည်။

သူ. . သူ. . ချစ်ရေးဆိုနေတာပဲ။

BURMESE CLASSIC

တကယ်တမ်း သူချစ်ရေးဆိုလာတော့. . မြမိုးစက်မှာ မျှော် လင့်ထားပြီးသား ဖြစ်သည့်တိုင် စိတ်လှုပ်ရှား အနေခက်နေမိသည်။

သူက မြမိုးစက်ကို မြတ်မြတ်နိုးနိုး ငုံ့မိုးကြည့်နေသည်။ မြမိုးစက်ရဲ့ အေးစက်တုန်သက်နေသော လက်ချောင်းကလေး များဆီ သူလက်လှမ်းတော့မည့်ဟန် ပြင်လေလျှင် ရှက်အမ်းအမ်း ဖြစ်သွားရသည်။ သို့သော် သူ့လက်မှာ လေထဲတွင်ပင် ရပ်တန့်သွား သည်။

မြမိုးစက်က သူ့မျက်နှာကို မသိမသာ ခိုးကြည့်လိုက်လျှင် သူ့မျက်နှာမှာ အားငယ်ကြေကွဲရိပ်များဖြင့် ဖျော့တော့နေတာ တွေ့ ရပါသည်။

"ကျွန်တော်သွားတော့မယ် မိုး၊ ညနေ ရုံးပြန်ရင် ကုက္ကိုပင် ကြီးအောက်မှာ စောင့်နေမယ်"

စကားဆုံးတာနှင့် သူလှည့်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက်မှာ သူ့ကို နားမလည်နိုင်စွာ ကျန်ရစ်ခဲ့ရပါသည်။ ဘယ်လိုလူပါလိမ့်. . ?. . ။

ချစ်ရေးဆိုတော့မလို စကားလမ်းကြောင်းပြီးမှ လှည့်ထွက်သွားတာ ဘာသဘောလဲ!. . ။

ကြောတယ် ပြောရအောင်ကလည်း သူ့မျက်နှာ ညှိုးဖျော့ဖျော့မှာ ထင်ရက်စရာမရှိ။

BURMESE CLASSIC

သူ့ဘဝသူ အားငယ်လို့များလား။ အားငယ်ရအောင် သူ့ဘဝက ဘာများ ချွတ်ယွင်း အားနည်းချက်တွေ ရှိလို့ပါလိမ့်။

ညနေကျရင် ကုက္ကိုပင်ကြီးအောက်မှာ တွေ့ရတော့မှ သူ့အနေအထားကို အကဲခတ်ရတော့မှာပင်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးပြန်ချိန်တိုင်း ခြေလှမ်းတို့ လေးကန်နှေးကွေးရပါသည်ဆိုကာမှ ဒီနေ့ အချိန်ပို ဆင်းခဲ့ရသေးသည်။

ကုက္ကိုပင်ကြီးအောက်က ဖြတ်ရမှာ အတော်တွန့်ဆုတ်နေမိသည်။

သူ့ကို ကုက္ကိုပင်ကြီးအောက်တည့်တည့်မှာ လက်ပိုက်လျက် မတ်တတ်ရပ်လျက်သား တွေ့ရသည်။

မြမိုးစက်က သူ့ဆီ ခတ်သွက်သွက် လှမ်းလိုက်သည်။

သူက မြမိုးစက်ကိုတွေ့တာနှင့် ကုက္ကိုပင်ကြီးအောက်မှ ထွက်လာလေသည်။

"ရှုံးပြန်ရတာ ကြောက်ပါတယ်ဆိုကာမှ လကုန်ရင်မို့ အိုတီက ဆင်းရသေးတယ် ကမ္ဘာရယ်"

"ဘာကြောက်စရာရှိလဲ၊ ကျွန်တော်ပါတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပါပေမယ့် ကြောက်တော့ ကြောက်သေးတာပဲ"

ပြောရင်း ကုက္ကိုပင်ကြီးအောက် လှည့်ကြည့်လိုက်မိသေးသည်။

"ကမ္ဘာ. . . ဟို. . . ဟိုမှာ!. ."

သူမ တုန်ယင် ထစ်အ,လျက် လက်ညှိုးညွှန်ပြလိုက်မိသည်။ သူကလည်း လှည့်ကြည့်လိုက်သည်။

ကုက္ကိုပင်အောက်မှာ ကားယားကြီး ခွထိုင်နေသော သရဲအကောင်ကြီးမှာ မကျေနပ်သော မျက်လုံးရဲကြီးများဖြင့် သူမတို့ကို စိုက်ကြည့်လျက်ရှိသည်။

"ဟိုမှာ. . . ဟိုမှာကြည့်နေတယ်၊ လုပ်ပါဦး. ."

"သူဘာမှမလုပ်နိုင်ပါဘူး၊ မကြောက်ပါနဲ့"

"အို!. . . နောက်ကလိုက်လာရင် ဘယ်လိုလုပ်မလဲ"

မြမိုးစက်မှာ စိုးရိမ်ပူပန်စွာ နောက်ကို လှည့်ကြည့်လှည့်ကြည့် ဖြစ်နေရသည်။

ထိုစဉ်. . . သရဲကြီးက လက်တစ်ဘက်တည်း ရှေ့ကို ဆန့်တန်းထုတ်ကာ. . .

**"လော့ကတ်ပြန်ပေး. ."**

ဟု အသံနက်ကြီးဖြင့် တောင်းနေသည်။

"အဲ့ဒီသရဲက တွေ့တိုင်း လော့ကတ်ပဲ ပြန်တောင်းနေတယ်"

"တောင်းရင် ပေးလိုက်ပေါ့၊ ကျွန်တော်ပြောသားပဲ ပုလဲလေးလုံးဟာ ထိုက်မှရတာ. . အန္တရာယ်ရှိပါတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ထိုက်လို့ ရခဲ့ပြီပဲ၊ ဘာလို့ ပြန်ပေးရမှာလဲ၊ ကျွန်မ ဒီလော့ကတ်လေးကို သိပ်မြတ်နိုးနေမိပြီရှင့်"

မြမိုးစက်ရဲ့ခေါင်းမာမှုကို သူ အတိုက်အခံလုပ်ပြီး ပြန်မပြောတော့ပါ။

**"လော့ကတ်ပြန်ပေး. ."**

**"လော့ကတ်ပြန်ပေး. ."**

သရဲကြီးမှာ 'အသံကွဲ အသံနက်ကြီးဖြင့် လော့ကတ်ပြန်ပေးဖို့ အဆက်မပြတ် ပြောနေသော်လည်း ထိုင်ရာမှ ထမလာနိုင်ပါ။ ကမ္ဘာ့ကို ကြောက်လို့ပဲ ဖြစ်ရမည်။

"လှည့်ကြည့်လှည့်ကြည့် လုပ်မနေနဲ့ မိုး၊ ကျွန်တော့်ရှေ့ကသွား. . နောက်မှာ ကျွန်တော်တစ်ယောက်လုံး ရှိမယ်၊ ဘာမှ မကြောက်နဲ့. ."

မြမိုးစက် ရှေ့မှ ခတ်သုတ်သုတ် လျှောက်လာခဲ့သည်။

နောက်မှာ သူရှိတဲ့အတွက် သိပ်ကြောက်လန့်မနေတော့ပါ။

"ညကျရင် လာခြောက်ဦးမလား မသိဘူးနော်၊ အခု ရှင်ရှိလို့ ငြိမ်နေတာ"

"ကိစ္စမရှိပါဘူး. . . တစ်ခုခုဖြစ်ရင် ကျွန်တော့်နာမည်သာ တ,လိုက်၊ ကျွန်တော့်မှာ သရဲနိုင်တဲ့အဆောင်ရှိတယ်"

သူက ပြုံးစစနဲ့ အတည်လိုလို နောက်သလိုလို ပြောပါသည်။

ဘာပဲဖြစ်ဖြစ် သူ့စကားကြောင့် သူမ အားရှိနေပါသည်။

"အကောင်းဆုံးက လော့ကတ်ကို ပြန်ပေးလိုက်တာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လော့ကတ်ကို သူသိပ်စွဲလန်းရှာတယ်၊ သူ့ချစ်သူရဲ့ အမှတ်တရ ပစ္စည်းလေး မဟုတ်လား"

သူ့စကားမှာ မြမိုးစက်ကို အတော်အံ့အားသင့်သွားစေပါသည်။

"ဟင်!. . . အဲ့ဒါတွေ ရှင်ဘယ်လိုလုပ် သိနေတာလဲ"

"ကျွန်တော့်ကို ပြောပြတဲ့သူ ရှိလို့ပါ"

မြမိုးစက်ကတော့ သူ့မှာ စူပါ,ပါဝါ တစ်ခုခု ရှိနေတယ်လို့ ယုံကြည်လိုက်မိပါသည်။

အိမ်နားအထိ သူလိုက်ပို့ခဲ့တာ အေးချမ်းချောမွေ့ခဲ့သော်လည်း အန္တရာယ်က အိမ်ရောက်တော့မှ ကြုံတွေ့ရတော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၉)

# အိမ်ထဲက စောင့်နေတဲ့သရဲ

**အိမ်**ထဲမှ မဝင်ရသေး. . .

"**မြမိုးခက်..**"

ဟု သူမနာမည်ကို ခေါ်လိုက်သံကြီးက လွင့်ပျံထွက်လာသည်။ သူမ ရင်တထိတ်ထိတ်ဖြင့် အိမ်ထဲ အမြန်ဝင်လိုက်မိသည်။

ဧည့်ခန်းရဲ့ခေါင်းရင်းဘက်ဆီမှာ တင်ပလ္လင်ခွေ ထိုင်လျက် သူမကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသော အေး. .။

အေးမျက်နှာမှာ တစ်ခါမှ မမြင်ဖူးလောက်အောင် ခက်



www.burmeseclassic.com

www.burmeseclassic.com



ထန်မာကျောလို့နေသည်။

အေးမျက်နှာကို ကြည့်ပြီး သူမထိတ်လန့်လာသည်။

"အိမ်ထဲမှာ ဘယ်သူတွေရှိလဲ လာကြပါဦး!. .၊ ဒီမှာ အေး ဘာဖြစ်လဲ မသိဘူး!. ."

သူမ အော်ဟစ်အကူအညီ တောင်းလိုက်လျှင် အိမ်ထဲမှ အဆောင်သူများ ပြေးထွက်လာကြသည်။

"ဟယ်!. . . အေး. . . အေး. . ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်ထားလို့လဲ၊ ဒေါသတွေ ထွက်နေတာလား"

"မလာနဲ့. . . ငါ့နား ဘယ်သူမှ မကပ်ကြနဲ့"

အေးအသံမှာ အက်ကွဲနေသည်။

မျက်တောင်တစ်ချက်မှ မခတ်ဘဲ တစ်ယောက်ချင်းစီကို မျက်ထောင့်နီကြီးဖြင့် လိုက်ကြည့်နေသည်။

"အေးအသံက ယောကျ်ားအသံကြီးလိုပဲ"

"ဟုတ်တယ်. . . အသံပြောင်းနေတယ်"

"အန်တီတို့ကို သွားခေါ်၊ သရဲပူးနေတာလား မသိဘူး"

အိမ်ရှင်အန်တီကြီးနှစ်ယောက်မှာ မျက်ကလဲဆန်ပြာနှင့် ရောက်လာကြသည်။

"ညနေက အကောင်းကြီးပါ။ ခုမှ ဘယ်လိုဖြစ်ရတာလဲ"

"မြမိုးစက် ပြန်လာတာ နောက်ကျလို့လား၊ မြမိုးစက်နဲ့ ကပ်ပါလာတာလား မသိဘူး"

"သမီးတောင် အိမ်ထဲမဝင်ရသေးဘူး၊ သမီးနှမည်ကို ဆီးခေါ်တာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မြမိုးစက်နဲ့ ပတ်သက်လို့ပဲ ဖြစ်ရမယ်"

"ဩော်. . . တစ်ယောက်တစ်ပေါက်နဲ့ နေကြစမ်းပါဦး၊ အန်တီ မေးစမ်းကြည့်ပါဦးမယ်"

အိမ်ရှင်အန်တီ ဒေါ်ရီရီသော်မှာ ရှေ့ကိုတော့ မတိုးရဲဘဲ ခတ်လှမ်းလှမ်းမှ လှမ်းမေးလိုက်ပါသည်။

"အခု. . ရှေ့မှာ ရှိနေတာ ဘယ်သူပါလဲ. . ?. . "

"ကျုပ် ဒယ်နီရယ်. . "

"အလိုလေး. . ဒယ်နီရယ် ဟုတ်လား၊ မြတ်စွာဘုရား!"

အန်တီကြီးမှာ ရင်ဘတ်ဖိလျက် ဘုရားတလိုက်လေသည်။ မြမိုးစက်မှာလည်း ဒယ်နီရယ်ဆိုသောနာမည် ကြားလိုက်ရလျှင် မျက်လုံးများ ပြာဝေကာ နားများထဲ အူထွက်သွားရသည်။

"ဘာ. . . ဘာကို အလိုရှိလို့ပါလဲ၊ ပြောပြပါ"

"ကျုပ်လော့ကတ် ပြန်လာတောင်းတာ"

"လော့ကတ်ပြန်လာတောင်းတာ. . ဟုတ်လား"

"ဟုတ်တယ်. . . မြမိုးစက်ဆီမှာ. . "

အားလုံးရဲ့အကြည့်တွေက မြမိုးစက် ရင်ညွန့်ထက်မှ လော့ကတ်လေးဆီ စုပြုံကျရောက်လာသည်။

"မင်း အခု အသာတကြည် ပေးလိုက်မလား၊ ငါကိုယ်တိုင် ဖြုတ်ယူရမလား. . "

ခြိမ်းခြောက်စကား ကြားရလျှင် မြမိုးစက်မှာ ထိတ်လန့် တုန်လှုပ်သွားရသည်။

ဟိုတစ်ခါကလည်း လည်ပင်းလာညှစ်ပြီးပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



"ပေးလိုက်လေ မြမိုးစက်၊ ချွတ်ပေးလိုက်"

"ဟင့်အင်း . . ဟင့်အင်း . ."

ဘေးလူများက တိုက်တွန်းသော်လည်း မြမိုးစက်က ငြင်းဆန်လိုက်သည်။ အေးက ထိုင်ရာမှ ထလာသည်။

အေးမှာ လုံးဝအရိပ်မထင်ပါ။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ကြမ်းခင်းဆီမှ ဒုန်းခနဲ ဒုန်းခနဲ ကြားနေရသည်။ လမ်းလျှောက်ပုံမှာလည်း တောင့်တောင့်ကြီးဖြစ်သည်။

သူမတစ်ယောက်တည်းကိုသာ ရဲရဲနီသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်လျက် သူမဆီ တည့်တည့်လျှောက်လာသော အေးကို ကြောင်ကြောင်ကြီးကြည့်ကာ မြမိုးစက်မှာ သွေးပျက်မတတ် ကြောက်လန့်နေမိသည်။ ဘေးလူများကလည်း သူတို့အသားနှင့် ထိသွားမှာ ကြောက်သလို ဘေးကိုရှဲပေးကြသည်။

လက်တစ်ကမ်းစာမျှသာအလိုတွင် မြမိုးစက် ဖျတ်ခနဲ သတိဝင်လာကာ. . .

"ကမ္ဘာရေ. . ကူညီပါဦး. ."

ဟု သူ့ကို တ,လိုက်မိသည်။

ဝုန်းခနဲ အသံကိုသာ ကြားလိုက်ရပြီး အေးကို ကြမ်းပြင်ပေါ် ပုံလျက်သား လဲသွားတာ တွေ့လိုက်ရသည်။

သူမဘေးမှ နှင်းမှာ အေးကို ဆောင့်တွန်းလိုက်တာဖြစ်သည်။

"ခင်ဗျား ခုချက်ချင်း ထွက်သွားတော့. ."

နှင်းအသံမှာ ကမ္ဘာ့အသံနှင့် တူလွန်းလှ၍ သူမပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းသား ဖြစ်သွားရသည်။

နှင်းက ခြံပြင်ဘက်ဆီ လက်ညှိုးထိုးပြကာ အမိန့်ပေးနေသည်။

အေးမှာ ခေါင်းမဖော်ရဲဘဲ **'တောက်!'** တစ်ချက် ပြင်းပြင်းခေါက်တာသာ ကြားလိုက်ရသည်။

အားလုံး ထိတ်လန့်အံ့ဩကာ ကြောင်ကြည့်နေကြဆဲမှာပင် အေးခန္ဓာကိုယ်ထဲမှ အရိပ်မည်းကြီး ကုန်းရုန်းထကာ ခြံအပြင်ဘက်ဆီ ပြေးထွက်သွားတာ တွေ့လိုက်ရလေသည်။

တပြိုင်နက်ထဲလိုလိုပင် နှင်းခန္ဓာကိုယ်ထဲမှလည်း တိမ်ခိုးလိုလို အခိုးအငွေ့များ ထွက်သွားတာ မြင်လိုက်ရသည်။

ပြီးလျှင်. . နှင်းနှင့်အေး နှစ်ယောက်လုံးမှာ ကြောင်တောင်တောင် ဖြစ်နေကြသည်။

"ဘာဖြစ်လို့လဲဟင်. . ဘာလို့ ဝိုင်းကြည့်နေကြတာလဲ!"

နှစ်ယောက်စလုံးမှာ ခုနက သူတို့ကိုယ်သူတို့ ဘာဖြစ်သွားကြသလဲဆိုတာ သိကြပုံမပေါ်. . ။

မြမိုးစက်မှာလည်း လော့ကတ်အကြောင်း၊ ကမ္ဘာဆိုသော ထူးဆန်းလှသည့် လူတစ်ယောက်အကြောင်း ဝိုင်းမေးသမျှ ပြန်ဖြေနေရသည်။

"လော့ကတ်က ကုက္ကိုပင်အောက်က ကောက်တွေ့တာပါ"

"ကမ္ဘာက သူ့ကိုယ်သူတော့ စိတ်တန်ခိုးရှိတဲ့ လူတစ်ယောက်လို့ပဲ အကြမ်းဖျင်း ပြောပြတယ်၊ သူ့ကို သရဲတွေက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်တဲ့၊ ဘာပဲဖြစ်ဖြစ် ဒယ်နီရယ်ဆိုတဲ့ သရဲလက်ထဲက သူကယ်ခဲ့တာ အကြိမ်ကြိမ်ပဲ"

အားလုံးက မြမိုးစက်ပြောတာ နားထောင်ကြပြီးလျှင် လော့ကတ်ကို ပြန်ထားဖို့သာ ဝိုင်းအကြံပေးကြလေသည်။

သူမကတော့ တစ်သက်လုံး ပြန်မပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။ သူမအနားမှာ ကမ္ဘာရှိနေလျှင် ဘယ်သရဲကိုမှ ကြောက်စရာ မလိုတော့ဘူးမလား. . ။

ဘာဖြစ်လို့များ ပုလဲလေးလုံး လော့ကတ်ကလေးကို ဒီလောက်တောင် စွဲမက်နေမိပါလိမ့်။ တကယ်တော့ အန္တရာယ်ဟာ သူမ,ထင်သလောက် မပေါ့တန်ခဲ့ပါ. . ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

# နာနာဘာဝ ကျောင်းမည်းကြီး

ယနက်ဝေလီဝေလင်းအချိန်တွင် ထုံးစံအတိုင်း အဆောင်သူများမှာ လမ်းထလျှောက်ရန် ဖီးလိမ်းပြင်ဆင်နေကြပြီ ဖြစ်သည်။ မြမိုးစက်ကတော့ ပြင်ဆင်ပြီးနှင့်နေပြီမို့ အေးဆေးစွာ ခေါက်ဆွဲပြုတ် စားနေသည်။

ထိုအချိန်တွင် ဘယ်သူမှ မထင်မှတ်ထားသော အဖြစ်အပျက်တစ်ခု ထိတ်လန့်ဖွယ်ရာ ဖြစ်ခဲ့ရတော့တာပင်။

ကြောင်နက်ကြီးတစ်ကောင် ပြတင်းပေါက်မှ ဝှားခနဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး မြမိုးစက် ခေါက်ဆွဲပြုတ်စားနေရာ စားပွဲပေါ် ခုန်တက်လာလေသည်။

ကြောင်နက်ကြီးမှာ ခွေးပျိုတစ်ကောင်နီးပါးမျှ ကြီးမားသည်။ အမြီးကြီးထောင်ကာ တစ်ကိုယ်လုံးရှိ အမွေးများ စုတ်ဖွားထလျက် မြမိုးစက်ရှေ့မှာ တခွီးခွီး မာန်လာဖီနေသည်။

ကြောင်ကြီး၏မျက်လုံးများမှာ အသည်းထဲ စိမ့်အေးမိလောက်အောင် စိမ်းနက်အေးစက်နေကြသည်။

"ဟော့!. . . လာကြပါဦး၊ ဒီမှာ ကြောင်ကြီးတစ်ကောင် အကြီးကြီးပဲ"

မြမိုးစက် အော်လိုက်လျှင် အခန်းအသီးသီးထဲမှ အဆောင်သူများ ပြေးထွက်လာကြပြီး ကြောင်ကြီးကိုကြည့်ကာ အံ့အားသင့်နေကြတော့သည်။ ဘယ်သူမှ အနားမကပ်ဝံ့ကြ။

ကြောင်ကြီးမှာ ငြိမ်ပြီး မာန်ဖီနေရာမှ ရုတ်တရက် မြမိုးစက် လည်ပင်းဆီ ခုန်အုပ်လိုက်သည်။

မြမိုးစက်မှာ ကမန်းကတန်း ရှောင်တိမ်းလိုက်ရာ ပွတ်ကာသီကာလေး လွတ်သွားသည်။

မြမိုးစက်လည်း ခုံတစ်လုံး ဆွဲယူကာ ရှေ့မှ ကာထားရသည်။

ကြောင်ကြီးမှာ မြမိုးစက်ကိုပဲ ကြည့်ကာ မာန်ဖီနေသည်။

"ဟဲ့!. . . ဘာကြောင်ကြည့်နေကြတာလဲ၊ ဝိုင်းရိုက်ကြလေ"

နှင်းက စပြီးသတိပေးလျှင် တံမြက်စည်း ဆွဲသူဆွဲ၊ ခုံဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆွဲကာ ကျောင်းကြီးကို ဝိုင်းရိုက်ကြသည်။

ကျောင်းကြီးကလည်း မြင်မြင်သမျှ လိုက်ခုန်အုပ်လေတော့သည်။

အိမ်ထဲမှာ ကျောင်းမာန်ဖီသံ၊ လူအော်သံ၊ ပစ္စည်းများ ပြုတ်ကျသံတို့နှင့် ဆူညံပွက်လောရိုက်ကုန်တော့၏။

အိအိက နောက်ဖေးတံခါး ပြေးဖွင့်ကာ. . .

"အပြင်ကို့ ခြောက်ထုတ်ကြ၊ အပြင်ကို ခြောက်ထုတ်ကြ"

ဟု သတိပေး အော်ဟစ်သည်။

အိအိ နောက်ဖေးတံခါး ဖွင့်လျှင်ဖွင့်လိုက်ချင်း လူရိပ်တစ်ခု ခုန်ဝင်လာတာ အားလုံးတွေ့လိုက်ရသည်။

ကျောင်းကြီးမှာ ထိုလူကို တွေ့လျှင်တွေ့ချင်း ငြိမ်ကျသွားသည်။

ထိုလူက ကျောင်းကြီးကို စူးစိုက်ကြည့်ပြီး လက်ပြန်တစ်ချက် ရိုက်လိုက်ရာ ကျောင်းကြီးမှာ လည်ထွက်သွားသည်။

ကျောင်းကြီးကိုယ်မှ ငရဲမီးပန်းလို မီးပွားမီးစများ တဖျတ်ဖျတ် ထွက်လာသည်။

ထို့နောက် သူက ကျောင်းကြီးကို လည်ကုပ်မှ မြဲမြဲစွာ ကိုင်မြှောက်ဆုပ်ကိုင်ကာ မြန်ဆန်လှသော ခြေလှမ်းများဖြင့် ထွက်သွားတော့သည်။

ကျောင်းကြီးမှာ ယက်ကန်ယက်ကန်နှင့် သူ့လက်ထဲပါသွားသည်။

"အမယ်လေး. . . သည်းထိတ်ရင်ဖိုပဲဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်ကြီးက ကြောက်စရာကြီးနော်. . အကြီးကြီးပဲ၊ အရောင်ကလည်း အနက်ရောင်ကြီး. . မျက်လုံးကြီးတွေကလည်း စိမ်းနေတာပဲ"

"ငါထင်တာ ညတုန်းက သရဲက ကြောင်ယောင်ဆောင်ပြီး လာတာဖြစ်ရမယ်"

"ဟုတ်လောက်တယ်. . . ဒါနဲ့ မြမိုးစက် အဲ့ဒါ ကမ္ဘာ ဆိုတဲ့ လူလား!. . "

မြမိုးစက်က ရင်ထိတ်မပြေသေးတာမို့ ရင်ဘတ်ကို လက်ဝါးနှင့်ဖိကာ သဲသဲ မေးတာကို ခေါင်းညိတ်ပြလိုက်သည်။

"ဒီလူက ဒီနားတစ်ဝိုက်မှာတင် နေတာဖြစ်ရမယ်၊ တ,စရာ တောင် မလိုဘူး. . ရောက်လာတာ"

"ကြောင်ကြီးက သူ့ကိုတွေ့တာနဲ့ ငြိမ်ကျသွားတော့တာပဲ နော်၊ အတော်စွမ်းပုံရတယ်. . "

"မှော်ဆရာလား မသိဘူး၊ မြမိုးစက်ကို စောင့်ရှောက်ပေး နေတာပဲ ဖြစ်ရမယ်၊ မြမိုးစက် ကံကောင်းလိုက်တာ"

"ခြံတံခါး ပိတ်ထားတာ သူ ဘယ်လိုဝင်လာသလဲ မသိဘူး နော်"

ဟုတ်ပါရဲ့. . မြမိုးစက်တောင် မစဉ်းစားမိ။ သူဘယ်လိုများ ဝင်လာပါလိမ့်. . ?. . ။

"ကျော်ဝင်လာတာ ဖြစ်မှာပေါ့. . သူက မှော်ဆရာပဲ၊ ဒီ လောက်တော့ အပျော့ပေါ့"

"မှော်ဆရာကလည်း ငယ်ငယ်လေးနော်၊ ဇာတ်လမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲကလို နှုတ်ခမ်းမွေးကားကားကြီးနဲ့ ကြိမ်လုံးကြီးနဲ့ မဟုတ်ဘူး၊ မျက်နှာလေးကလည်း ချောမွတ်နေတာပဲ၊ မြမိုးစက်ရေ. . ယူ့မော် ဆရာကို ကိုယ်တောင် ရင်ခုန်ချင်လာပြီ"

ချိုက ပြောင်လျှင် မြမိုးစက်က အသာအယာ ပြုံးနေ လိုက်သည်။ မြမိုးစက်မှာ သူ့အတွက် ဂုဏ်ယူနေရတဲ့အဖြစ်ကြောင့် ကြည်နူးနေမိပါသည်။

"ကလေးမတွေ. . . ပေါက်ကရတွေ မပြောကြနဲ့တော့၊ ညှိခန်းထဲ လာခဲ့ဦး ပြောစရာရှိတယ်"

အိမ်ရှင် အန်တီဒေါ်မီမီသော်မှ အော်လိုက်လျှင် တစ် ယောက်တစ်ပေါက်သံများ မီးကို ရေနှင့် ငြိမ်းသတ်လိုက်သလို ငြိမ်ကျသွားကာ ညှိခန်းဆီ အလျှိုအလျှို ထွက်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၁)

# ကက္ကိုတစ္ဆေ ရာဇဝင်

“အထူးသဖြင့် ပြောချင်တာက မြမိုးစက်ကိုပဲ”

မြမိုးစက်မှာ ကိုယ့်နာမည်တပ်ကာ ပြောတော့မည်ဖြစ်သဖြင့် ခေါင်းငုံ့ချကာ ငြိမ်သက်နေလိုက်ရသည်။

“ဒယ်နီရယ်ဆိုတဲ့လူအကြောင်း ကြားဖူးသလား!. .”

“သူလာခြောက်တဲ့အချိန်. . သူ့နာမည် ထုတ်ပြောတာလောက်ပဲ ကြားဖူးပါတယ်၊ သူ့အကြောင်းတော့ မကြားဖူးပါဘူး”

အန်တီကြီး ဘာပြောမလဲဆိုတာ အားလုံးက စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တစား နားစွင့်နေကြသည်။

"အေး. . . မကြားဖူးရင် ပြောပြမယ် သေချာနားထောင်၊ ဒယ်နီရယ်ဆိုတာ ဒီရပ်ကွက်ထဲမှာ နေသွားတဲ့သူပဲ၊ သူ့အမျိုးသမီး နာမည်က ဂျက်စမင်တဲ့. . ကပြားတွေ၊ သိပ်ချောကြတာ၊ သူတို့ လင်မယား လမ်းထွက်ပြီဆို ရုပ်ရှင်မင်းသား မင်းသမီးတွေကို တွေ့သလိုမျိုး ရပ်ကွက်ထဲကလူတွေ ဝိုင်းကြည့်ကြရတာ. . . ချော လွန်းလို့. . .၊

တစ်ယောက်နဲ့တစ်ယောက်လဲ သိပ်ကြင်ကြင်နာနာ ရှိကြ တယ်၊ သိပ်ချစ်ကြတဲ့ပုံပဲ၊ ဒါပေမယ့် သူတို့ ကံမကောင်းကြပါဘူး၊ တစ်နေ့ကျတော့. . ."

အန်တီကြီး စကားစရပ်ကာ ခဏနားလိုက်လျှင် အားလုံးမှာ စိတ်လှုပ်ရှားကာ ရှေ့တိုးလာကြသည်။

"ကုက္ကိုပင်ကြီးအောက်မှာ ကုန်တင်ကားတစ်စီးနဲ့ သူတို့ ကား တိုက်မိကြတယ်၊ ဒယ်နီရယ်ကတော့ ပွဲချင်းပြီး သေသွားခဲ့ တယ်"

မြမိုးစက်မှာ ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွား ခဲ့သည်။

ဒါဆို ဒယ်နီရယ်ဟာ တကယ်ရှိခဲ့တာပေါ့. . ။

"ဂျက်စမင်ကတော့ ဆေးရုံရောက်ပြီး နှစ်ရက်လောက် ကြာမှ ဆုံးသွားခဲ့တယ်၊ အဲ့ဒါ. . လွန်ခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ်လောက် က တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပဲ"

"ကုက္ကိုပင်ကြီးအောက်မှာ ဒယ်နီရယ် သေပြီးကထဲက



www.burmeseclassic.com

www.burmeseclassic.com



ခြောက်တယ်ဆိုတဲ့အသံ ထွက်လာတော့တာပဲ၊ ဂျက်စမင်ကတော့ ဘဝကူးကောင်းသွားတယ် ထင်ပါရဲ့၊ ခြောက်တယ် ပြောသံမကြားရဘူး"

အန်တီကြီးက စကားဆုံးသွားတာနှင့် မြမိုးစက်ကို တည့်တည့်စိုက်ကြည့်ကာ. . .

"ဒီအကြောင်းတွေ ပြောပြနေရတာ အန်တီ့မှာ အကြောင်းရှိပါတယ်၊ အန်တီတို့အိမ်မှာ ညတုန်းကလို သရဲပူးတာမျိုး သရဲခြောက်တာမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့ဘူး မြမိုးစက်၊ သူ့ပစ္စည်းကို ပြန်မပေးမချင်း သူက ခြောက်လှန့်နှောင့်ယှက်နေတော့မှာပဲ၊ သူ့အနေနဲ့ကလဲ သူ့ချစ်သူရဲ့ပစ္စည်းဆိုတော့ စွဲလန်းရှာမှာပဲ. . ၊

အဲဒီတော့ မြမိုးစက်က ပြန်ပေးနိုင်ရင် ပေးလိုက်ပါ၊ အန်တီကတော့ ဘေးလူမို့ အတင်းအကျပ် မတိုက်တွန်းလိုပါဘူး၊ အဲ. . . တကယ်လို့ ပြန်မပေးနိုင်ဘူးဆိုရင်. . ."

အန်တီကြီးက ဆက်ပြောရမှာ ခက်နေသလို စကားစ ကို နားလိုက်ပြန်သည်။

"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ မြမိုးစက်၊ တခြားကို ပြောင်းပေးပါ"

"ရှင်!. . ."

မြမိုးစက်မှာ အံ့အားသင့်သွားရသည်။

"တခြားအဆောင်သူတွေပါ ကြောက်ကုန်ကြမှာစိုးလို့ပါ၊ ခုလို မကြာခဏ ပူးနေ ခြောက်နေမယ်ဆိုရင် အန်တီတို့ အမည်ပျက်မယ်၊ နောက်ဆို ဘယ်သူမှလဲ လာနေရဲကြတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ပြီးတော့ အန်တီတို့မှာ မိန်းမသားချည်းပဲနေရတာ၊ ကဲ. . . ဒါပါပဲ၊ မြမိုးစက် စဉ်းစားပါဦး"

"သမီးကို တစ်ရက်နှစ်ရက်လောက်တော့ အချိန်ပေးပါ အန်တီ၊ သမီး အမြန်ဆုံး စဉ်းစားပေးပါ့မယ်"

"ကောင်းပြီ. ."

မြမိုးစက်က အဝေးကို မျှော်ငေးကာ ငြိမ်သက်တိတ်ဆိတ်နေမိသည်။

အန္တရာယ်က ကြီးမားပြင်းထန်သထက် ကြီးမားပြင်းထန်လို့ လာခဲ့ပြီ. .။

သူ. . . ကမ္ဘာကရော ဘယ်အချိန်အထိ မိမိကို စောင့်ရှောက်ကာကွယ်ပေးနိုင်မှာလဲ. .။

လော့ကတ်ကလေးကို ပြန်ပေးလိုက်ရတော့မှာလား။

ဒါမှမဟုတ်. . . တခြားတစ်နေရာကို ပြောင်းရွှေ့ထွက်ခွာသွားရတော့မှာလား။

တခြားတစ်နေရာကို ပြောင်းရွှေ့သွားရင်ရော ဒယ်နီရယ်ဆိုတဲ့သရဲက လိုက်လာနိုင်ဦးမှာလား။

သူမခေါင်းထဲ ပူထူဆူဝေလာတော့သည်။

ကမ္ဘာကိုသာ အမြန်ဆုံး တွေ့ချင်လာတော့သည်။

ကမ္ဘာနှင့် တိုင်ပင်ဆွေးနွေးမှ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၂)

# အကြားအမြင်ရတဲ့ လူခြောက်လေး

"မိုး. . ကျွန်တော့်ကို အရေးတကြီးပြောစရာ ရှိနေတယ် မဟုတ်လား"

"ဟင်!. . . ရှင်ဘယ်လိုလုပ် သိတာလဲ"

"မိုးမျက်နှာမှာ ပေါ်လွင်နေတယ်လေ၊ ကျွန်တော်က မိုးမျက်နှာကို အရိပ်လို ကြည့်နေတဲ့သူပဲ. . . သိတာပေါ့"

သူ့စကားကြောင့် မြမိုးစက် ကြည်နူးသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြောင်းဖို့ကိစ္စ သူ့ကို တိုင်ပင်ရန် ပါးစပ်ပြင်လိုက်သည်။

"မိုး အိမ်ပြောင်းနေရင် ကောင်းမယ်"

"အို!. . ."

မြမိုးစက်မှာ အံ့ဩပြီးရင်း အံ့ဩနေရတော့သည်။

"ကျွန်မ ခုပဲ ရှင့်ကို အဲဒီကိစ္စပြောမလို့၊ ကျွန်မကို အိမ်ရှင်အန်တီကြီးတွေက ဆက်မနေစေချင်ကြတော့ဘူး"

"မိုးဆီမှာ လော့ကတ်ရှိနေသေးသရွေ့ ဒယ်နီရယ် လာနှောင့်ယှက်နေဦးမှာပဲ၊ မိုးကို စိတ်ချလုံခြုံရမယ့် အိမ်တစ်အိမ် ကျွန်တော်ရှာပေးမယ်"

"ကျေးဇူးတင်ပါတယ် ကမ္ဘာရယ်၊ ရှင်ဟာ ကျွန်မဘဝအတွက် တကယ့်မိတ်ဆွေကောင်းပါပဲ၊ ကျွန်မဘေးမှာ ရှင်ရှိနေပေးရင် ကျွန်မ သိပ်ကိုအားရှိတာပဲ၊ ကျွန်မတော့ ရှင့်ကို သိပ်အားကိုးမိနေပြီ"

မြမိုးစက်မှာ စိတ်အားထက်သန်စွာ ပြောမိပြီးမှ မိန်းကလေးတန်မဲ့ သိပ်ရေလာမြောင်းပေးရာ ကျသွားပြီလားဟု ပြန်သတိဝင်လာမိသည်။

သို့သော် သူ့မျက်နှာမှာတော့ ကြည်နူးသွားရမယ့်အစားကြေကွဲနေသောအရိပ်များသာ တွေ့နေရသည်မှာ နားမလည်နိုင်ချေ။

"အားလည်း နာမိပါတယ်၊ ကျွန်မ ရှင့်ကို ဒုက္ခပေးသလိုဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခရယ်လို့တော့ မသတ်မှတ်ပါဘူးဗျာ၊ ကဲ. . . အိမ်ပြောင်းဖို့အတွက် ပြင်ဆင်ထားတော့နော်၊ ပစ္စည်းတွေ သိမ်းထားတော့. . ."

သူမက ခေါင်းညိတ်ပြလိုက်မိသည်။

ဒီနယ်မြေက ပြောင်းရွှေ့လျှင် ဒယ်နီရယ်ဆိုတဲ့ သရဲလက်က လွတ်မြောက်မှာပင်. . .။

မြမိုးစက် ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် စိတ်လွတ်လပ်ပေါ့ပါးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ကျယ်ဝန်းတိတ်ဆိတ်သလောက် ငြိမ်းချမ်းလို့ နေပါသည်။ တိတ်ဆိတ်သော်လည်း ခြောက်ခြားစရာ ကောင်းမနေပါ။

"ဘာမှ အားနာစရာမလိုဘူး၊ ကိုယ့်အိမ်ကိုယ့်ရာလို လွတ်လွတ်လပ်လပ်နေ၊ ကမ္ဘာက အန်တီ့ရဲ့သားလို ဖြစ်နေပြီ၊ အန်တီ့သားနဲ့သူက သိပ်ခင်တဲ့ သူငယ်ချင်းတွေလေ"

ရွယ်တူယောကျ်ားလေးတစ်ယောက် ရှိတဲ့အိမ်မှာ နေရမှာမို့ သူမ နည်းနည်းတော့ အနေခက်သွားမိသည်။

မြမိုးစက်က ဟိုဒီဝေ့ဝဲရှာမိရင်းက. . .

"အန်တီ့သားလည်း မတွေ့မိဘူးနော်"

"သားက ဟိုမယ်လေ"

ထိုအန်တီ ညွှန်ပြရာဆီ ကြည့်လိုက်မိလျှင် မြမိုးစက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနပန်းများ ကြီးသွားရသည်။

ပလတ်စတစ်ခြင်းထဲမှာ ထည့်ထားသည်မှာ တစ်ထွာကျော် ကျော်ခန့်သာရှိသော မည်းမည်းခြောက်ခြောက် လူရိုးစုကလေးဖြစ် သည်။

ထိုလူခြောက်ကလေးဟာ ထိုအန်တီရဲ့သား ဖြစ်ပါသတဲ့။ ပြီးတော့ ကမ္ဘာနဲ့လည်း သိပ်ခင်တဲ့ သူငယ်ချင်း ဖြစ်သေးသတဲ့။

"သူက ဘယ့်လိုပြောမလဲဆိုတော့.. ရုပ်ခန္ဓာကတော့ တေဇောဓါတ် လောင်ကျွမ်းထားတဲ့ သဘောပေါ့၊ ရုပ်ခန္ဓာကတော့ သေဆုံးပြီး ဖြစ်တယ် ဒါပေမယ့် သူ့ရဲ့နာမ်ဝိညာဉ်ကတော့ ရှိသေး တယ်၊ တခြားသူတွေနဲ့တော့ ဆက်သွယ်လို့မရဘူး၊ အန်တီနဲ့တော့ ဆက်သွယ်လို့ရတယ်၊ ဘယ်လိုနည်းနဲ့ ဆက်သွယ်လဲဆိုတော့.. အိပ်မက်နဲ့ပေါ့၊

အန်တီဖြစ်ချင်တာ ပြောချင်တာတွေ သူ့ကိုတိုင်တည်ပြီး ပြောလိုက်ရင်.. သူက ပြန်ဆက်သွယ်တယ်၊ ခြွင်းချက်အနေနဲ့ အခုတော့ သူ အန်တီ့အပြင် ကမ္ဘာနဲ့ပါ ဆက်သွယ်လို့ရပြီလေ"

"သူ့မှာ တန်ခိုးရှိတာပေါ့နော်"

"တန်ခိုးတော့ မဟုတ်ဘူး သမီးရဲ့... ပါဝါပေါ့၊ ပါဝါတော့ ရှိတာအမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့.. သူ့ကို မွေးပြီးမှ အန်တီ ဒီအကြားအမြင်ဟောတဲ့လုပ်ငန်း လုပ်ဖြစ်တာ၊ သူ ကူညီလို့လေ၊ သူပေးထားတဲ့ ပစ္စည်းလေးတစ်ခုနဲ့ ဟောဖြစ်တာ.."

"ဘာပစ္စည်းလဲ အန်တီ"

မြမိုးစက်က စိတ်ဝင်စားလွန်းရတာကြောင့် မနေနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မေးမိတော့သည်။

"ဟိုစားပွဲပေါ်က ဖန်လုံးနဲ့လေ"

စားပွဲပေါ်ကို လှမ်းကြည့်လိုက်ရာ ကြည်လင်ဖြူလွှဲနေသော လက်တစ်ဝိုင်းစာခန့် ဖန်လုံးတစ်လုံးကို တွေ့ရသည်။

"သူ့ကို မွေးပြီးတော့ အန်တီ့ကို အိပ်မက်ပေးတာ. .၊ ခြံမြောက်ဘက်က ပိတောက်ပင်ကြီးအောက် မနက်သုံးနာရီတိတိမှာ အမေတစ်ယောက်ထဲ လာခဲ့ပါတဲ့၊ အမေ့ကို ပစ္စည်းတစ်ခုပေးမယ်၊ အဲ့ဒီပစ္စည်းကို အရင်းအနှီးလုပ်ပြီး အမေ တစ်သက်လုံးလုပ်စားပါ၊ တစ်သက်စားမကုန်အောင် ချမ်းသာလာပါလိမ့်မယ်တဲ့လေ. . ."

"အန်တီလဲ အဲ့ဒီတုန်းက အရမ်းဆင်းရဲတော့ မနက် သုံးနာရီထိုးကြီး မှောင်မည်းမည်းထဲမှာလဲ မကြောက်နိုင်ဘူး၊ တစ်ယောက်ထဲသွားတာ. . အဲဒီဖန်လုံးကို တွေ့တော့တာပဲ"

"အဲ့ဒီဖန်လုံးက ဘယ်လိုအသုံးဝင်လဲ အန်တီ"

"သူ့ကို လက်နဲ့ပွတ်ပြီး ကိုယ်သိချင်တာ မေးရင် တီဗွီဖန်သားပြင်မှာ ဇာတ်လမ်းကို ကြည့်ရသလိုမျိုး ကိုယ်သိချင်တဲ့ အကြောင်းအရာ အဖြစ်အပျက်တွေက ပေါ်လာတော့တာပဲ၊ သားကလည်း ဘေးကနေ ပြောပြပေးတယ်လေ၊ အန်တီကတော့ ဒီအကြောင်းကို မလျှိုပါဘူးကွယ်၊ သိချင်တဲ့သူရှိတိုင်း ပြောပြပါတယ်၊

အန်တီက ဘာအကြားအမြင်မှလည်း မပေါက်ပါဘူး၊ ဘယ်ပုဂ္ဂိုလ် ညွှန်ကြားချက်နဲ့မှ ဟောတာလည်း မဟုတ်ပါဘူး၊ အန်တီ့သား လူခြောက်ကလေးရဲ့အကူအညီနဲ့ ဟောတာပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ အဲလိုပြောပြတော့ အဲဒီဖန်လုံးနဲ့ အန်တို့သားကို လာမခိုးကြဘူးလားဟင်. . . မသမာတဲ့သူတွေကလေ. ."

"ကြံဖူးတာပေါ့ကွယ်. . သမီး မေးသလို လာခိုးကြဖူးတာပေါ့၊ ဒါပေမယ့် သားက တော်တော်စွမ်းတယ်၊ ဘယ်လိုမှ ခိုးလို့မရဘူး၊ အဲ့ဒီလူတွေ ဒုက္ခအကြီးအကျယ် ရောက်ကြရတာပဲ. ."

"အန်တို့သားက အန်တီမြှောက်လွန်းလို့ အနေရခက်နေပြီ တော်ပါတော့တဲ့. . . ပြောနေပြီ"

အကြားအမြင် အန်တီကြီးနှင့် မြမိုးစက်တို့ စကားလက်ဆုံကျကောင်းတုန်း ကမ္ဘာက အရွှန်းဖောက်လိုက်လျှင် ရယ်လိုက်မိကြသည်။

ကမ္ဘာပြောမှ ခြင်းထဲကလူခြောက်ကလေးကို တစ်ချက်ထပ်ကြည့်မိပြန်သည်။

ဆံပင်မပါ မျက်လုံးပေါက် ပါးစပ်ပေါက်များမှာလည်း အရာကလေးမျှသာ ရေးရေးထင်သော လက်တစ်ထွာသာသာ မည်းမည်းခြောက်ခြောက် အရိုးစုကလေးကို ကြည့်ပြီး မြမိုးစက်မှာ ကြောက်နေမိသည်။

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း မျက်လုံးမျက်ဖန် စူးရှပြီး ကျက်သရေရှိလှသော အကြားအမြင် အန်တီကြီးနှင့် လူခြောက်ကလေးမှာ သားအမိရယ်လို့ ဟပ်စပ်လို့ကို မရချေ။

"မိုးကို ပြောနေတယ်၊ သူ့ကို မကြောက်ပါနဲ့တဲ့၊ သူက အမေ့လို ရုပ်မလှပေမယ့် စိတ်ကတော့ အမေ့လိုပဲ လှပါတယ်တဲ့၊ ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးပါဘူးတဲ့၊ မကြောက်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့. . .”

“အို!. . .”

မြမိုးစက်မှာ ‘အို’ ဟုသာ အာမေဋိတ် တ,လိုက်နိုင်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

စိတ်ထဲက စကားများကို သူတို့ ဘယ်လိုများ သိနေကြပါလိမ့်. .။ ကမ္ဘာကရော ဘယ်လိုများ သိနေပါလိမ့်. .။

အန်တီကြီးကတော့ မြမိုးစက်ရဲ့အံ့ဩတကြီး ဖြစ်နေသော အမူအယာကိုကြည့်ပြီး သဘောတကျ ရယ်နေသည်။

“ကဲ. . မိုး၊ ဒီမှာ ဘာအနှောင့်အယှက်မှ ကြုံစရာ မရှိတော့ဘူး၊ ဒယ်နီရယ်လဲ လာမခြောက်နိုင်တော့ဘူး၊ မိုးအနားမှာ အန်တီရော. . ကိုယ်ရော. . ကိုယ့်သူငယ်ချင်းရော ရှိမယ်၊ ကိုယ် ခြေရင်းက ကားဂိုဒေါင်ရဲ့ထပ်ခိုးပေါ်မှာ ရှိမယ်”

“ကမ္ဘာဟာလေ. . . အိမ်မှာ လာနေပါ၊ အခန်းလွတ်တွေ ရှိတယ်ဆိုတာ မနေဘူး၊ သူစိမ်းဆန်လိုက်တာ”

အန်တီကြီးက သူ့ကို မကျေမနပ်နှင့် မြည်တွန်တောက်တီးသည်။

“မဟုတ်ပါဘူး အန်တီရယ်၊ ကျွန်တော် မနေတတ်လို့ပါ၊ ကျွန်တော်က လွတ်လွတ်လပ်လပ် သီးသန့်ပဲ နေတတ်လို့ပါ”

သူက အပြုံးကလေးနှင့် အန်တီကြီး ကျေနပ်အောင် ရှင်းပြနေသည်။

“မင်းတစ်ယောက်ထဲကြီးကွယ်၊ အန်တီတို့က ငြိုငြင်စိတ် မကျေသလို ဖြစ်မှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ထဲ မဟုတ်ရပါဘူး၊ ကျွန်တော့်သူငယ်ချင်းပါ အဖော်ခေါ်ထားမှာပေါ့"

သူက ခြင်းထဲမှ လူခြောက်ကလေးကို လက်ညှိုးညွှန်ပြရင်း ပြောသည်။

"ပြီးရော . . ပြီးရော . . "

အန်တီကြီးမှာ သိပ်ကျေနပ်ချင်ပုံမရ . . ။

"အဲ့ဒါသာ ကြည့်တော့ မြမိုးစက်ရေ၊ သူတို့နှစ်ယောက်က သိတာမကြာကြသေးဘူး သိပ်ခင်နေကြတယ်လေ၊ ကမ္ဘာက ဒယ်နီရယ်ကိစ္စ အန်တီ့ဆီ လာအကူအညီတောင်းတော့မှ သားနဲ့ သိသွားကြတာ၊ ခုတော့ သိပ်ခင်တဲ့ သူငယ်ချင်းတွေ ဖြစ်နေကြပြီ"

မြမိုးစက်မှာ လူနှင့်ဝိညာဉ်တို့ ပတ်သက်ဆက်နွယ်မှုမျိုးကို အထူးအဆန်းအဖြစ် ကြားနေရသည်။

သူငယ်ချင်းတောင် ဖြစ်ကြသေးသတဲ့ . . ။

မြမိုးစက်က ပခုံးတွန့်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ဒီမှာနေရတာ မြမိုးစက်အတွက် အစစအရာရာ လုံခြုံငြိမ်းချမ်းစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၃)

# ဖန်လုံးထဲက နာနာဘာဝ

စိတ်ချလက်ချ လုံခြုံငြိမ်းချမ်းပြီဟု ထင်မှတ်ခဲ့သော်လည်း ဒယ်နီရယ်မှာ သူမနောက်ကို လိုက်လာခဲ့လေသည်။

ထိုနေ့က ညဥ့်ဦးပိုင်း မြမိုးစက် ကမ္ဘာနှင့် အန်တီတို့ သုံးဦးသား ရောက်တတ်ရာရာတွေ ပြောနေကြရင်း အန်တီမှာ ရုတ်တရက် ငြိမ်သက်သွားကာ. . မျက်လုံးစုံမှိတ်လျက် တအင်းအင်းနှင့် ခေါင်းညိတ်နေသည်။

အံ့အားသင့်နေသော သူမကို ကမ္ဘာက နှုတ်ခမ်းရှုံ့ လက်



www.burmeseclassic.com

www.burmeseclassic.com



ညှိုးဖြတ်တင်ပြလျက် တိတ်တိတ်နေရန် အချက်ပေးသည်။ ခဏကြာလျှင် အန်တီကြီးရဲ့မျက်လုံးများ ပြန်ဖွင့်လာပြီး မြမိုးစက်ကို တည့်တည့်မတ်မတ် ကြည့်ကာ. . .

"သားက ပြောတယ်၊ ဒယ်နီရယ်က မြမိုးစက်နဲ့ တွေ့ခွင့်တောင်းနေတယ်၊ တွေ့ခွင့်ပေးလိုက်ပါတဲ့"

"ဟင့်အင်း. . . ဟင့်အင်း. . . သမီးမတွေ့ရဲဘူး အန်တီ၊ ကြောက်တယ်"

မြမိုးစက်က ထိတ်လန့်တကြား ငြင်းဆန်လိုက်သည်။

ဒယ်နီရယ်ဆိုသည့်နာမည် ကြားလိုက်တာနှင့် သူမမှာ ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထကာ ကြောက်စိတ်များ ပြည့်လာခဲ့သည်။

ရဲရဲတောက်နေသော မျက်လုံးကြီးများ. . .။

ဖွေးလက်သော အစွယ်ရှည်ကြီးကို မျက်စိထဲ ပြန်မြင်ယောင်လာကာ ကျောရိုးတစ်လျှောက် စိမ့်တက်လာသည်။

"အပြင်မှာ တွေ့ရမှာ မဟုတ်ပါဘူးကွယ်၊ ဟောဒီဖန်လုံးထဲက တဆင့်ပဲ တွေ့ရမှာပါ၊ မကြောက်ပါနဲ့. . ဘေးမှာ အန်တီတို့ ရှိနေမှာပဲ၊ သူ ဘာမှအန္တရာယ်မပြုနိုင်ပါဘူး၊ သားနဲ့ ကမ္ဘာလဲ ရှိနေတာပဲဥစ္စာ"

အန်တီကြီးက သူမကို နားဝင်အောင် ဖျောင်းဖျပြောဆိုနေသည်။

"တွေ့လိုက်ပါ မိုး၊ သူ ဘာပြောချင်သလဲ သိရအောင် နောက်ဆုံးအကြိမ် တွေ့ခွင့်ပေးလိုက်ပါ၊ မိုးကို သူဘာအန္တရာယ်မှ



www.burmeseclassic.com

www.burmeseclassic.com



မပေးစေရဘူး၊ ကျွန်တော်တာဝန်ယူတယ်"

သူကပါ တိုက်တွန်းလေလျှင် မြမိုးစက်က သက်ပြင်း ရှိုက်လျက် ခေါင်းညိတ်လက်ခံလိုက်ရလေတော့သည်။

"လာ. . သမီး"

အန်တီကြီး ညွှန်ပြရာ စားပွဲရှေ့တွင် သူမ မဝံ့မရဲ ဝင်ထိုင် လိုက်ရသည်။ အန်တီကြီးက မျက်စိစုံမှိတ်ကာ ဖန်လုံးကို ဖြည်းညင်း စွာ ပွတ်သပ်လျက်. . .

"ဒယ်နီရယ်. . . ဒယ်နီရယ်. . . ဒယ်နီရယ်"

ဟု တိုးသက်စွာ အဆက်မပြတ် ခေါ်နေသည်။

သူမမှာ အသက်ပင်မရှူဝံ့. . ။

ချွေးစေးများပြန်ကာ အေးစက်နေသောလက်ချောင်းများ ကို တင်းတင်းဆုပ်ထားမိသည်။

ထို့နောက်. . အန်တီကြီးက ဖန်လုံးပေါ်မှလက်ကို တဖြည်း ဖြည်း ဖယ်ရှားလိုက်သည်။

သူမက ဖန်လုံးကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ မိသည်။ ကြည့်နေရင်း ကြည့်နေရင်းမှ ဖန်လုံးမျက်နှာပြင်ပေါ်တွင် ပုံရိပ်တချို့ ပေါ်လာကာ တဖြည်းဖြည်း သဲကွဲပီပြင်လာသည်။

ကပြားဆန်ဆန် ဖြူသွယ်မြင့်မားကာ ချောမွေ့နုဖတ်သော ချစ်သူနှစ်ဦး. . ။ တစ်ဦးနှင့်တစ်ဦး အင်မတန် ကြင်နာမြတ်နိုးကြ ဟန်. . ။ ကောင်ကလေးက ကောင်မလေးလည်တိုင်မှာ ဆွဲကြိုး လေးတစ်ကုံး ဆင်ပေးလိုက်သည်။

ထို့နောက် အနီးကပ် မြင်လိုက်ရသည်မှာ ဖန်ဖိုးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ကာ စွဲမက်ဖွယ်ကောင်းလှသော ပုလဲလေးလုံး ယှက်ထားသော လော့ကတ်တစ်ခု. . ။

"အဲ့ဒါ ဒယ်နီရယ်နဲ့ ဂျက်စမင်ပဲ မြမိုးစက်"

သူမကို ပြောပြသော အန်တီကြီးရဲ့အသံမှာ ကြေကွဲနေပါသည်။

သူမ ဆက်မြင်နေရသေးသည်မှာ ပြုံးပျော်ကြည်နူးစွာ ရွှေလက်တွဲလျက် ကားဖြင့်ထွက်လာသော ချစ်သူနှစ်ဦးမှာ ကုက္ကိုပင်ကြီးတစ်ပင်နားအရောက်. . .

"အား!. . ."

မြမိုးစက် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ကြုံးအော်ထည့်လိုက်သည်။

သွေးများ အလိမ်းလိမ်း ပေကျံကာ ကားထဲမှ ကိုယ်တစ်ပိုင်းထွက်လျက် ငြိမ်သက်နေကြသော ချစ်သူနှစ်ဦးမှာ မြင်ရက်စရာမရှိ. . ။

ထို့နောက် အနေးပြကွက် ပြသလို သူမ ထပ်တလဲလဲမြင်နေရတော့သည်မှာ ဂျက်စမင်ဆိုသော ကပြားမလေးရဲ့ လည်တိုင်နုနုပေါ်က ဆွဲကြိုးဆီမှ လွင့်စဉ်ပြုတ်ကာ ထွက်သွားသော လော့ကတ်ကလေး. . . ။

သူမ နားလည်လိုက်ပါပြီ။

ဖန်လုံးကို ဆက်မကြည့်နိုင်တော့. . . ။

စာနာမျှဝေစိတ်ဖြင့် ရင်ထဲ နင့်ဆွေးလာကာ မြမိုးစက်မျက်လုံးအိမ်ဆီမှ မျက်ရည်တစ်ပေါက် လွင့်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာ. . . ကမ္ဘာရယ်"

ထိုင်ရာမှ ကမ္ဘာဆီ အပြေးထသွားမိသည်။

ကမ္ဘာ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ အားပါးတရ ရှိုက်ငင်ငိုကြွေးလိုက်ချင်သည်။

"ကမ္ဘာရယ်. . . ကိုယ်ပြန်ပေးလိုက်ပါတော့မယ်၊ ကိုယ်အတ္တမကြီးတော့ပါဘူး၊ ကိုယ်စာနာတတ်ပါပြီ"

မြမိုးစက်က ရှိုက်သံစွက်လျက် ပြောလိုက်မိသည်။

သူက လှိုက်လှိုက်လှဲလှဲ ပြုံးပြလျက်. . .

"ကိုယ်သိပ်ဝမ်းသာတယ် မိုး"

"ကိုယ်. . . ကိုယ် အတ္တသိပ်ကြီးမိသွားတယ်၊ ကိုယ်တောင်ကောက်တွေ့ရတဲ့ ဒီလော့ကတ်ကလေးကို ပြန်မပေးချင်တော့လောက်အောင် မြတ်နိုးမိနေရင် သူကိုယ်တိုင် ဆင်ပေးထားတဲ့ သူ့ချစ်သူအတွက် အမှတ်တရပစ္စည်းလေးကို သူဘယ်လောက်တောင် စွဲလန်းရှာမလဲနော်၊ ကိုယ်နားလည်ပါပြီ"

"အဲ့ဒီစွဲလန်းမှုကြောင့် သူ မကျွတ်လွတ်နိုင်သေးတာပေါ့"

အန်တီက မြမိုးစက်ကို ပြောတာဖြစ်သော်လည်း မျက်လုံးများမှာ ကမ္ဘာကိုသာ အဓိပ္ပါယ်ပါပါ ကြည့်နေလေသည်။

"သမီး ပြန်သွားထားလိုက်တော့မှာပါ အန်တီရယ်. . ၊ ခုချက်ချင်းကို သွားပြန်ထားလိုက်တော့မှာပါ"

သူမက လည်တိုင်ဆီမှ လော့ကတ်ကို အလျင်စလို ဖြုတ်ဖို့ ပြင်လိုက်သည်။

"အိုး. . . နေပါဦး မြမိုးစက်ရဲ့၊ ဒီလိုသွားပြန်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး”

“ဒါဆို သူ့ဆီ ပြန်ရောက်အောင် သမီးဘယ်လိုလုပ်ပေးရမလဲ အန်တီ”

အန်တီကြီးက မျက်စိစုံမှိတ်ကာ ခဏငြိမ်သက်စဉ်းစားလိုက်ပြီးမှ. . .

“အန်တီ စီစဉ်ပေးပါ့မယ်ကွယ်၊ အန်တီ ကူညီပါ့မယ်၊ ဒီကိစ္စမျိုးတွေ အန်တီ ကူညီပေးနေကျပါ”

အန်တီ့မျက်နှာမှာ ကြေကွဲရိပ် သမ်းနေရာမှ တစ်စုံတစ်ခုအတွက် ကျေနပ်မှု ရသွားသလိုမျိုး ကြည်လင်သွားတာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၄)

# တောက်တဲ့ တဖြစ်လဲ နာနာဘာဝ

ဆရာတော်ဘုရားက ကုတ္တိုပင်ဘက်ကို ကျောပေးကာ စက္ကူကြက်ခြေချလျက် တည်ကြည်စွာ ထိုင်နေသည်။

မြမိုးစက် ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ဝမ်းနည်းလို့နေသည်။ အန်တီကြီးမှာလည်း မျက်နှာမကောင်းလှ. . ။

အန်တီကြီးက လော့ကတ်ထည့်ထားသော ကလပ်ကလေးတို လက်နှစ်ဘက်ဖြင့် ရိုသေစွာကိုင်လျက် ဆရာတော်ဘုရားကို



www.burmeseclassic.com

www.burmeseclassic.com



ကပ်လှူသည်။

"ကာယကံရှင်များရဲ့ကိုယ်စား လှူဒါန်းပေးတာပါဘုရား၊ အလှူရှင်များကတော့ ကွယ်လွန်ပြီးဖြစ်တဲ့ ဒယ်နီရယ်နဲ့ ဂျက်စမင်တို့ ဇနီးမောင်နှံ ဖြစ်ပါတယ်ဘုရား"

"သာဓု. . . သာဓု. . . သာဓု"

ဆရာတော်ဘုရားက သာဓုသုံးကြိမ်ခေါ်ကာ. . တရားအနည်းငယ် ဟောလေသည်။

"ဘဝတစ်ခု ချုပ်ငြိမ်းပြီးသော်လည်း နောက်ဘဝတစ်ခု မကူးပြောင်းနိုင်ဘဲ မလွတ်ကျွတ်ရတဲ့အကြောင်းတွေထဲမှာ စွဲလန်းမှု ဟာလည်း အကြောင်းတစ်ခုဖြစ်တယ်၊ ဥစ္စာပစ္စည်းအား စွဲလန်းမှု၊ မိမိချစ်ခင်နှစ်သက်သောသူအား စွဲလန်းမှု စသဖြင့် စွဲလန်းမှုများ စွာရှိတယ်၊ သံသရာက လွတ်ကျွတ်အောင် စွဲလန်းမှုတွေ ပယ်ဖျက်ကြပါလို့ ဦးဇင်းက တိုက်တွန်းလိုပါတယ်၊

ဒကာကြီး ဒယ်နီရယ်ကတော့ မိမိချစ်ခင်ရသူရဲ့ ဥစ္စာပစ္စည်းကို စွဲလန်းရမှုကြောင့် ပေတ(ပြိတ္တာ)အဖြစ်မှ မလွတ်ကျွတ်နိုင်ဘဲ ရှိရတာပါ၊

ကဲ. . . ခုချိန်ကစပြီး ဟောဒီလော့ကတ်ကလေးဟာ သာသနာပိုင်ပစ္စည်း ဖြစ်သွားပါပြီ၊ ဟောဒီပစ္စည်းကို ထုခွဲရောင်းချပြီး ရတဲ့ဝတ္ထုငွေကြေးအား သာသနာအကျိုးအတွက် လှူဒါန်း ဒါနပြုပေးပါ့မယ်၊

ဦးဇင်းက အမျှဝေမယ်၊ ကြားနာရသမျှ ပုဂ္ဂိုလ်များအားလုံး သာဓုခေါ်ကြပါ၊ အားလုံးကြားကြားသမျှ အမျှ. . အမျှ. .



www.burmeseclassic.com

www.burmeseclassic.com



အမျှ . ယူတော်မူကြပါ”

ဆရာတော်ဘုရားမှ ခန့်ညားသောအသံဖြင့် အမျှဝေလေလျှင် မြမိုးစက်နှင့် အန်တီတို့က ‘သာဓု’ သုံးကြိမ်ခေါ်လိုက်ကြသည်။

ရေစက်ခွက် ကိုင်ထားသော အန်တီ့လက်များ တဆတ်ဆတ် တုန်နေတာ မြင်ရလေသည်။

“ဒကာကြီး ဒယ်နီရယ် . . . အမျှ . . . အမျှ . . . အမျှ ကြားနိုင်ပါစေ၊ သာဓုခေါ်နိုင်ပါစေ”

ဆရာတော် အမျှပေးဝေပြီးလျှင်ပြီးချင်း ကုက္ကိုပင်ပေါ်မှ တစ်ပေခန့်ရှိသော အပြာရောင် တောက်တဲ့ကြီးတစ်ကောင် ပြုတ်ကျလာသည်။

ဆရာတော်ဘုရားရှေ့မှာ ငြိမ်သက်ကာ “တောက်တဲ့ တောက်တဲ့ . . . တောက်တဲ့” ဟု သုံးကြိမ်တိတိ အော်ပြီး လမ်းဘေးချုံများထဲ ပြေးဝင်ပျောက်ကွယ်သွားသည်။

“ကဲ . . . အလှူအထမြောက်ပါပြီ၊ ဒကာကြီးဒယ်နီရယ်လည်း လွတ်ကျွတ်သွားပါပြီ၊ ဦးဇင်းလည်း ကျောင်းကို ပြန်ကြွမယ်”

လမ်းမှာ အန်တီက ဝမ်းသာအားရ ပြောပြလာသည်။

“အန်တီဖြင့် သိပ်ဝမ်းသာတာပဲ မြမိုးစက်ရယ်၊ သမီးလဲ တုသိုလ်ရတယ် သိလား၊ အန်တီလေ မလွတ်ကျွတ်သေးတဲ့ ဝိညာဉ်တွေကို ကူညီခွင့်ရတာ သိပ်ကျေနပ်တယ် သိလား၊ အန်တီ ကူညီဖို့ နောက်တစ်ယောက် ရှိသေးတယ်”

“ဘယ်သူလဲ အန်တီ!”



www.burmeseclassic.com

www.burmeseclassic.com



အန်တီက ပြန်မဖြေပါ၊ မကြားဟန် ပြုနေသည်။

မြမိုးစက်မှာလည်း လူမှုရေးအရ ရှိင်းသလို ဖြစ်မှာစိုးတာကြောင့် ထပ်မမေးတော့ပါ။

"ကမ္ဘာတစ်ယောက်လည်း နောက်က လိုက်လာမယ် ဆိုပြီးတော့ ရောက်မလာဘူးနော်"

"သူနဲ့ ဒယ်နီရယ်က ဖိုက်တင်အမြဲပလေးခဲ့တော့ မျက်နှာပူလို့ ထင်ပါရဲ့"

အန်တီကြီးက ရယ်သွမ်းသွေးလျက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာနှင့်တွေ့လေလျှင် မြမိုးစက်က အလောတကြီး မေးလိုက်သည်။

"ရှင်. . ဘာလို့ မလာတာလဲ၊ သိပ်ထူးဆန်းတာ ရှင့်ကို မြင်စေချင်တယ်၊ ဆရာတော်ဘုရား အမျှဝေပြီးတော့ ကုက္ကိုပင် ပေါ်က တောက်တဲ့ကြီးတစ်ကောင် ပြုတ်ကျလာပြီး 'တောက်တဲ့'လို့ သုံးကြိမ်တိတိ အော်တယ်. . သိလား၊ ဆရာတော်ဘုရားက မိန့် တယ်၊ ဒယ်နီရယ် ကျွတ်သွားပြီတဲ့. . "

ကမ္ဘာက အသာအယာ ပြုံးလျက် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

သူ့မျက်နှာမှာ အားငယ်ရိပ်များ တစွန်းတစ်စ ဖိတ်ကျနေ တယ် ထင်သည်။

"မြမိုးစက်က မင်းရောက်မလာလို့ မျှော်နေတာပေါ့၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ အဲဒီအကြောင်းပဲ ပြောနေတာ"

အန်တီက သူ့ကို မေးငေါ့ပြကာ ဝင်ပြောသည်။

"ကျွန်တော့်တာဝန် ကျေပြီပဲ၊ ကျွန်တော့်ကဏ္ဍက ပြီးဆုံးပြီလေ"

သူ့အသံမှာ လေးနက်တည်ငြိမ်နေပါသည်။

"မြမိုးစက်မှာ အနှောင့်အယှက် အန္တရာယ်လည်း မရှိတော့ဘူးဆိုတော့ ကျွန်တော် စိတ်ချလို့ရပြီ၊ ကျွန်တော်လည်း ခရီးဆက်စရာ ရှိသေးတယ်"

"ဟင်!. . ဘယ်ကိုသွားမှာလဲ"

"ကျွန်တော်တို့ဟာ သံသရာ ခရီးသွားတွေပဲ၊ ဘယ်ကိုလဲတော့ မပြောတတ်သေးဘူး၊ မေမေ့ကို သွားကြည့်ပြီး မေမေ့အတွက် စိတ်အေးရအောင် စီစဉ်ပေးခဲ့ပြီးရင် ကျွန်တော် သွားတော့မယ်"

သူ့ဆီက ခွဲခွာစကားများ ကြားရလျှင် မြမိုးစက်ရင်ထဲနင့်လိုက်လို့လာသည်။

တကယ်တမ်း ခွဲရတော့မည်ဆိုကာမှ သူ့ကို ချစ်မိနေပြီဟု ကိုယ့်နှလုံးသားကို ကိုယ်နားလည်လိုက်မိသည်။

သူ ဘယ်ကို သွားဦးမှာလဲ. . ?. . ။

သူပြောသောစကားများကိုလည်း နားမလည်နိုင်. . ။

ညှိုးလျှော်ဖျော့တော့နေသော သူ့မျက်နှာကိုကြည့်ကာ ရင်ထဲလှိုက်ခါလာတော့သည်။

သူ ကိုယ့်ကို ချစ်နေမှန်းသိလျက်နဲ့ ကိုယ့်ဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြောင်း ပြန်ပြောပြခွင့် မရှိတော့ဘူးလား. . .။

ချစ်သူတွေမှ ဖြစ်ခွင့်မရခင် ခွဲခွာရတော့မှာလား. .။

မြမိုးစက်သည် ကြေကွဲလာသောစိတ်ကို မချုပ်ထိန်းနိုင်တော့တဲ့အဆုံး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သူ့ရှေ့မှ အမြန်ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

# ကြေကွဲဝိညာဉ်

ထို့နေ့ညက သူ ဂိုဒေါင်မှာ ပြန်မအိပ်ပါ။

ညဉ့်နက်တဲ့အထိ ဝရံတာမှာထိုင်ပြီး ဂစ်တာတီးနေခဲ့သည်။ လပြည့်ညမို့ ဝရံတာတစ်ခုလုံး လရောင်ဖြင့် ရွှန်းစို အေးမြလို့နေသည်။ လရိပ်ပြာက အုတ်နံရံကို မှီကာ ဂစ်တာပိုက်ထားသော သူ့အပေါ်ကို တဝက်တပျက် ဖြန့်ကျဲထားသည်။

လရောင်အောက်မှာ သူ့မျက်နှာပေါ်က ကြေကွဲရိပ်မှာ ပိုမိုထင်ရှားလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းချက်ကျနစွာ တီးခတ်နေသော သူ့ဂစ်တာသံမှာ ရင်တစ်ခုလုံးကို ပိုမိုနင့်ဆွေးစေသည်။

သူဆိုနေသောသီချင်းမှာ ထူးအိမ်သင်နှင့် ဘိုဘို သီဆိုထားသော 'ဖြည်းဖြည်းလေးနှင့် ငြိမ့်ငြိမ့်လေး' ဖြစ်သည်။

ဘယ်လောက် ကြေကွဲစရာကောင်းတဲ့သီချင်းလေးလဲ။

သီချင်းနှင့် လိုက်ဖက်ညီလှစွာ သူ့အသံမှာလည်း အေးရှရှ တိုးဖျော့ဖျော့လေးဖြစ်သည်။

"𝄞ကိုယ့်ကို တခြားသူက မမြင်၊ ဝီဝီပြင်ပြင် အခြေအနေမှာကွယ်၊ ပြောပြတော့ ဝမ်းနည်းမိတယ်...𝄞၊ တမလွန်ဘုံမှာ အိပ်စက်နားပေ့ါကွယ်...𝄞"

ဒီအချိန်အခါမှာ သူ ဘာလို့များ ဒီသီချင်းကို ဆိုရပါလိမ့်။ မြမိုးစက်မှာ တံခါးကိုမှီထားရင်း မျက်ဝန်းတို့ နာကျင်နီမြန်းလာသည်။

ဒူးပေါ် ယှက်ထားသော လက်နှစ်ဘက်ကို တင်းတင်းဆုပ်ထားသော်လည်း ကြေကွဲမှုတို့က ထိန်းချုပ်လို့မရ။

မျက်တောင်များ မေးမှိတ်လိုက်လျှင် ပူလောင်ခါးသက်လှသော မျက်ရည်စက်များက တလိမ့်ချင်း ပြိုကျလာတော့သည်။

"𝄞ဘုရားသခင်ရေ့ ကျွန်ုပ်ရောက်တယ်...𝄞
𝄞 တိမ်လွှာစိုင်လို ပေ့ါပေ့ါပါးပါးကွယ် 𝄞"

သူ့အသံမှာလည်း ရှိုက်သံတို့ စွက်လာခဲ့သည်။

သူရော ငိုကြွေးနေသလားကွယ်။

ဒါဆို ဘာလို့များ ခွဲခွာဖို့ ဆုံးဖြတ်ရတာလဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက်နဲ့ တွေ့ဆုံဖို့ ဟိုးအဝေးကြီးက လာခဲ့ရပြီးမှ ဟိုအဝေးကြီးကို ဘာဖြစ်လို့ ပြန်သွားဦးမှာတဲ့လဲ. . .။

မြမိုးစက်သည် သူ့ရင်ခွင်မှာ ခေါင်းမှီ ငိုကြွေးကာ မေး လိုက်ချင်မိသည်။

သူမတို့နှစ်ယောက်အား တစ်နေရာမှ ကြည့်ကာ ကြေကွဲ နေသူတစ်ဦးလည်း ရှိနေပါသေးသည်။

တခြားသူတော့ မဟုတ်ပါ. .။ အန်တီကြီးပဲ ဖြစ်ပါသည်။

အန်တီကြီးရဲ့မျက်ဝန်းများမှာလည်း နီရဲစိုစွတ်လို့နေပါ သည်။ အန်တီကြီးက သူမတို့နှစ်ယောက်ရဲ့အဖြစ်ကို မကြည့်ရက် သလို မျက်နှာလွှဲလိုက်ကာ အိမ်အတွင်းဘက်သို့ လှည့်၍. .

"မိစံရေ. . . ဒီကိုခဏလာဦး"

ဟု အိမ်အကူကောင်မလေးကို လှမ်းခေါ်လိုက်သည်။

မိစံမှာ အိပ်မှုန်စုံမွှားဖြင့် ထလာသည်။

မိစံရောက်လာလျှင် အန်တီကြီးက မြမိုးစက်ရှေ့ကို လက် ညှိုးညွှန်ပြလျက် သွားထိုင်စေသည်။

ထိုအချိန်မှာ သီချင်းသံလေး ရပ်တန့်သွားသည်။

ထို့နောက်မှာတော့. . .

သူက မြမိုးစက်ရှိရာဘက်ဆီ ဆွေးမြေ့သောမျက်လုံးများ ဖြင့် ကြည့်ရင်း. . . လေးလံသော ခြေလှမ်းများဖြင့် ဖြည်းညင်းစွာ ရောက်လာသည်။။

သူ့အကြည့်ကို ခံနိုင်ရည် မရှိသောကြောင့် မြမိုးစက်က မျက်တောင်များကို မှိတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး. . ."

သူ့အသံမှာ တိုးသက်သလောက် နင့်ဆွေး၍နေသည်။

"ကမ္ဘာ"

သူမက ယူကြုံးမရစွာဖြင့် ပြန်ခေါ်လိုက်သည်။

"ကိုယ့်ကို ဘာဖြစ်လို့ ခွဲသွားမှာလဲဟင်၊ ကိုယ်ချစ်တာ မသိဘူးလား၊ ကိုယ့်အနားမှာ မနေပေးတော့ဘူးလား၊ ကမ္ဘာကပဲ ကိုယ့်အတွက် ပေးဆပ်ခဲ့ရတာ၊ ကိုယ်ကရော ကမ္ဘာ့အတွက် ပေးဆပ်ခွင့် မရှိတော့ဘူးလား၊ ကိုယ့်ဘက်လည်း လှည့်ကြည့်ပါဦး ကမ္ဘာရယ်"

သူမက ရှိုက်သံစွက်လျက် ရင်ထဲရှိသမျှ ဖွင့်အန်ချနေမိသည်။

"မိုး. . . မိုးရယ်"

သူက မြမိုးစက်ရဲ့လက်ကလေးများကို ညင်သာစွာ ဆွဲယူကာ သူ့ရင်ဘတ်မှာ ကပ်ထားသည်။

မြမိုးစက် ဆက်ပြီးထိန်းချုပ်ထားဖို့ မတတ်နိုင်တော့ပြီ။ သူ့ပခုံးမှာ ခေါင်းမှီချကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။

သူက မြမိုးစက်ရဲ့ပခုံးများကို နွေးထွေးစွာ ပိုက်ပွေ့ထားပြီး မြမိုးစက်ရဲ့ဆံနွယ်များကိုလည်း ညင်သာဖွဖွ ပွတ်သပ်ကာ ချော့မြှူနေသည်။

သူ့ရဲ့နှစ်သိမ့်ပေးမှုအောက်မှာ မြမိုးစက် ပိုလို့ဝမ်းနည်းကြေကွဲလာရသည်။ သူကိုယ်တိုင်လည်း ငိုကြွေးနေတာပဲဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက်ရဲ့ဆံနွယ်များမှာ သူ့မျက်ရည်တို့ဖြင့် စွတ်စိုနေတော့သည်။

"သံသရာမှာ ဒီလိုကံကြမ္မာမျိုးနဲ့ ဆုံစည်းရတာ နောက်ဆုံးဖြစ်ပါစေလို့ တို့ဆုတောင်းကြမယ်နော် မိုး၊ ကိုယ်တို့အချစ်ဟာ တကယ်စစ်မှန်ရင် သံသရာတကွေ့မှာ ပြန်ဆုံတွေ့ရဦးမှာပါ။ ကိုယ်လည်း မသွားမဖြစ်လို့ သွားရမှာပါ မိုးရယ်"

"ဟင့်အင်း. . . ဟင့်အင်း. . "

ခွဲခွာရမယ့်အကြောင်းကို နောက်ထပ် မကြားလိုတော့ပြီ။

သူက မြမိုးစက် နဖူးပြင်ကို မျက်ရည်များဖြင့် ဖွဖွမွှေးလျှင် နှလုံးသားတစ်ခုလုံး နင့်ဆွေးလိုက်ခါသွားသည်။

ထိုအချိန်ကျမှ မြမိုးစက်အာရုံထဲ တစ်စုံတစ်ခုက လှုပ်နှိုးလိုက်သလို အသိစိတ်တို့ ပြန်ဝင်လာသည်။

မျက်လုံးများ ဖွင့်ကြည့်လိုက်တော့ မျက်ရည်များဖြင့် သူမကို ပွေ့ဖက်ထားသော မိစံကို တွေ့ရသည်။

အို!. . . ဘာတွေဖြစ်ကုန်ပြီလဲ. . ?. . ။

သူ. . သူ. . ကမ္ဘာရော။

ဘေးဘီဝဲယာကို လိုက်ရှာကြည့်တော့. . ဝရံတာမှာ နေရာမပျက် ဂစ်တာပိုက်လျက် ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်နေသောသူ့ကို တွေ့ရသည်။

ခုနက သူမရှေ့မှာရှိနေတာ ကမ္ဘာမှ ကမ္ဘာအစစ်ပါ။

ခုတော့ ဘယ်လိုဖြစ်ပြီး မိစံ ဖြစ်နေရတာလဲ။

မိစံမှာ မျက်ရည်များ စိုလူးလျက်က မျက်စိမဖွင့်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေဆဲပဲ ဖြစ်ပါသည်။

အန်တီကြီးက မိစံကို လှုပ်နှိုးလိုက်သည်။

"ဟဲ့. . . မိစံ၊ အထဲမှာ သွားအိပ်ချေတော့"

မိစံမှာ မျက်စိမှိတ်လျက်သားနှင့် အိပ်ခန်းထဲ ပြန်ဝင်သွားသည်။

အန်တီကြီးက သူမပခုံးကို ညင်သာစွာ ဖက်လျက် အိမ်ထဲခေါ်လာခဲ့သည်။ သူမက အန်တီကြီးကို တစ်စုံတစ်ခု မေးတော့မည့် ဟန်ပြင်လိုက်မိလျှင်. . .

"အန်တီ့ကို ဘာမှမမေးပါနဲ့ သမီးရယ်၊ သိပ်မကြာခင်မှာ အားလုံးကို သမီးနားလည်လာမှာပါ"

အန်တီကြီးက သက်ပြင်းရှိုက်လိုက်သည်။

သူ့ကို လှည့်ကြည့်လိုက်လျှင် နေရာမှာ ငြိမ်သက်နေဆဲပင်. . ။

သူမ အိမ်ထဲဆီ ပြန်ရောက်လာတော့မှ ဝရံတာဘက် ဆီမှ သီချင်းသံ ပြန်ထွက်ပေါ်လာခဲ့သည်။

" 𝄞 ငွေစန္ဒာရောင်ဝါ ဖြိုးဖြိုးဖြက်ဖြက်ဖြာ...
ဘယ်ဆီဘယ်ဝယ် ပြောလဲမပြောဘဲ...𝄞
𝄞 မွှေးလို့ကြူကွယ် ဘုံပျံ့နတ်နန်းလေးဆီ...
ဖြည်းဖြည်းလေးနဲ့ ငြိမ့်ငြိမ့်လေးပေါ့ကွယ်...𝄞"



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၁၆)

# အိမ်စောင့်နတ်နဲ့တွေ့တဲ့ ဝိညာဉ်

နောက် တစ်နေ့တွင် ကမ္ဘာ့ကို မိုးချုပ်သည်အထိ မတွေ့ရရာ သူမ စိတ်ပူပန်စွာ လိုက်ရှာမိသည်။

သူမကို နှုတ်မဆက်ဘဲနဲ့များ ထွက်သွားပြီလား။

တကယ်ဆို နှုတ်တော့ ဆက်သင့်တာပေါ့။

သူမအရိပ်အကဲကို နားလည်သော အန်တီကြီးက. .

"ကမ္ဘာ့ကို ရှာနေတာလား၊ ကမ္ဘာ သူ့အမေကို သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်တဲ့"

"ပြန်လာဦးမှာလားဟင် အန်တီ"

အန်တီကြီး မျက်နှာပျက်သွားပါသည်။

မြမိုးစက်ကို အားပေးသလို ခေါင်းကို တဆတ်ဆတ်ညိတ်ကာ. . .

"ပြန်လာမှာပါကွယ်. . . ပြန်လာမှာပါ"

သူမ သက်ပြင်းမောကို ချလိုက်မိသည်။

သူတကယ်ပြန်လာမှာတဲ့လား. . ။

သူတကယ်ပြန်လာမယ်ဆိုရင် ဘယ်လောက်ကြာကြာ သူမ စောင့်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အိမ်ဆီ ပြန်လာသော သူ့ခြေလှမ်းများမှာ သွက်လက်မြူးထူးနေခဲ့သော်လည်း တကယ်တမ်း အမေ့အိမ်ဆီ ရောက်သောအခါ ဝမ်းနည်းစရာ အဖြစ်အပျက်တစ်ခုကို ရင်ဆိုင်ခဲ့ရပါသည်။

အိမ်ထဲဝင်ဖို့ ကြိုးစားလျှင် သူ့ရင်ဘတ်ကို တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သလို ခံစားလိုက်ရပါသည်။

သူ နောက်ပြန် ယိုင်လဲကျသွားပြီး ဒေါသတကြီး မော့ကြည့်လိုက်သောအခါ. . .

"ငါ ဒီအိမ်က အိမ်စောင့်နတ်ပဲ၊ မင်း အိမ်ထဲဝင်ခွင့်မရှိဘူး"

သူ့ဘဝကိုသူ အားငယ်သွားကာ. . . အိမ်စောင့်နတ်ကို တောင်းပန်တိုးလျှိုးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမေ့ကို ကြည့်ချင်လို့ပါ၊ ခဏကလေးပါ ခွင့်ပြုပါနော်"

"မရဘူး. . . မင်းအမေနဲ့မင်း ဘဝချင်း ခြားသွားပြီ၊ မင်း အိမ်ထဲဝင်ခွင့်မရှိတော့ဘူး"

"ခဏကလေးပါ. . . ကျွန်တော့်မှာ အချိန်မရှိတော့လို့ပါ၊ အမေ့ကို စိတ်မချလို့ပါ၊ အမေ့ကို ခဏကလေးပဲဖြစ်ဖြစ် မြင်ရရင် ကျေနပ်ပါပြီ"

သူ မျက်ရည်များ တပေါက်ပေါက်ကျကာ ငိုလျှိုးတောင်း ပန်နေမိသည်။

အိမ်စောင့်နတ်ကြီးက ခဏငြိမ်သက်သွားကာ. . .

"မင်းအိမ်ထဲတော့ ဝင်ခွင့်မရဘူး၊ ဒါပေမယ့် မင်းအမေ ကိုမြင်ရအောင်တော့ ငါဖန်ဆင်းပေးမယ်"

အိမ်စောင့်နတ်ကြီးပြောပြီး တအောင့်လောက်ကြာလျှင် နံရံမှာ ပိတ်ကားတစ်ချပ်သဖွယ် လှုရိပ်တချို့ အရိပ်ထင်လာသည်။

ပထမဆုံး မြင်ရသည်မှာ ဘုရားဆောင်ရှေ့ ပုဆစ်တုပ် ထိုင်ကာ ပုတီးစိပ်နေသော အမေ့ပုံရိပ်ဖြစ်သည်။

မတွေ့ရသော တစ်နှစ်တာအတွင်း အမေ့မျက်နှာမှာ အတော်လေး အိုစာသွားသည်။

သို့သော် အမေ့မျက်နှာမှာ ငြိမ်းချမ်းရင့်ကျက်လို့နေပါ သည်။ အမေ့မျက်နှာကို ကြည့်ရသည်မှာ မဝနိုင်. . ။

ထို့နောက် အမေ့နောက်နားဆီမှာ အမျိုးသမီးတစ်ယောက် ပုံ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးက ဟင်းရွက်များ သင်ရင်း အမေ့ကို ခြင်ယပ်ပေးနေသည်။

"အဲ့ဒါ. . . အဲ့ဒါ ဘယ်သူလဲဟင်"

"အဲ့ဒါ မင်းအမေနဲ့ ဆွေမျိုးနီးစပ်တော်တယ်၊ နေစရာအားကိုးစရာ မရှိလို့ မင်းအမေနဲ့ လာနေတာ. . လိမ္မာတယ်၊ မင်းအမေအပေါ် သိတတ်တယ်"

"အမေတို့ စားဝတ်နေရေးရော အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်. . ကောင်မလေးက ဈေးရောင်းကျွေးတယ်"

တအောင့်ကြာတော့ အမေ ပုတီးစိပ်တာပြီးသွားသည်။

အမေက ဘုရားကို ဦးချပြီးနောက်. . .

"ဤအိမ် ဤခြံကို စောင့်ရှောက်သော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ် အစရှိသည့် ပုဂ္ဂိုလ်များမှစ၍ မြင်အပ်မမြင်အပ် သတ္တဝါများအားလုံး၊ သုံးဆယ့်တစ်ဘုံတွင် ကျင်လည်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါများအားလုံး ကျန်းမာချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ. . ."

အိမ်စောင့်နတ်ကြီးက အမေ မေတ္တာပို့သည်ကို မျက်လွှာချ ငြိမ်သက်ခံယူပြီးနောက်. . .

"ဤအိမ်သားဖြစ်သော ဒေါ်လှလှကြူလည်း ကျန်းမာချမ်းသာပါစေ ဘေးကင်းပါစေ"

ဟု မေတ္တာပြန်ပို့သနေသည်။

"သားလေးကမ္ဘာလည်း ကျန်းမာချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ အနာရောဂါဘေး ကင်းဝေးပါစေ၊ အလုပ်အကိုင်



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်များ အောင်မြင်ပါစေ. .၊ နတ်ကောင်းနတ်မြတ် သူတော်ကောင်း သူတော်မြတ်များနှင့်သာ တွေ့ပါစေ"

အမေ့ဆီမှ သူ့ကို မေတ္တာပို့သံ ကြားရလျှင် သူ့စိတ်ကို မချုပ်ထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။

"အမေလည်း ကျန်းမာချမ်းသာပါစေ၊ ဘေးကင်းပါစေဗျာ"

သူ ငိုသံ ဗလုံးဗထွေးဖြင့် အမေ့ကို မေတ္တာပြန်ပို့လိုက်သည်။

". . . . . . . . . . . အားလုံးအား အမျှမေတ္တာပို့ ပေးဝေပါတယ်၊ အမျှ. . .အမျှ. . .အမျှ. . .ရကြပါစေ၊ ကြားကြပါစေ၊ သာဓုအနုမောဒနာ ခေါ်နိုင်ကြပါစေ"

အမေ အမျှဝေလျှင် အိမ်စောင့်နတ်ကြီးမှ. .

"သာဓု. . .သာဓု. . .သာဓု"

သုံးကြိမ်ခေါ်လေသည်။

သူလည်း ပူဆွေးသော စိတ်နှလုံးဖြင့်ပင် သာဓုခေါ်လိုက်ရသည်။

"အရိယာ အရှင်သူမြတ်များအပေါင်းတို့ ပေးပို့သော အမျှမေတ္တာများကိုလည်း ဦးထိပ်ထား၍ တပည့်တော်မ ခံယူအပ်ပါ၏၊ သာဓု. . .သာဓု. . .သာဓုပါ အရှင်သူမြတ်များ"

အမေ့ရဲ့အေးမြလှသော တရားသံကို နားထောင်ရင်း သူ့မျက်ရည်တို့ ဖြိုင်ဖြိုင်ကျလာတော့သည်။

အမေ့ကို ရည်မှန်းကာ သူ ဦးသုံးကြိမ်ချလိုက်သည်။

"ဒီဘဝမှာ အမေ့ကျေးဇူး မဆပ်နိုင်ခဲ့တဲ့သားကို ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပါ အမေ”

ဟု သူ တီးတိုးတောင်းပန်လိုက်သည်။

ထို့နောက် အိမ်စောင့်နတ်ကြီးကိုလည်း သူ ဦးချလိုက်ပါသည်။

“သာဓု. . . သာဓု. . . သာဓု၊ ကောင်းရာသုဂတိ အမြန်ဆုံးရောက်ပါစေ”

“ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏”

အိမ်စောင့်နတ်ကြီး၏ဆုပေးစကားကို သူ အလေးအနက်ထား၍ ဆုပြန်တောင်းလိုက်သည်။

“ကျွန်တော့်အမေကို စောင့်ရှောက်ပေးပါနော်”

“စိတ်ချပါ. . . ဘုရားတရား ကိုင်းရှိုင်းမြဲမြံသူကို တို့က စောင့်ရှောက်ပြီးသားပါ၊ ကဲ. . . သွားပေဦးတော့”

အိမ်စောင့်နတ်ကြီးဆီမှ နှင်ထုတ်သံ ကြားလိုက်ရလျှင် သူ့တစ်ကိုယ်လုံး လေထဲမြောက်တက်ကာ အဝေးသို့ လွင့်သွားလေသည်။

သူ့နောက်နားဆီမှ ခွေးတစ်အုပ်က သူ့ကိုကြည့်ကာ ဆွဲဆွဲငင်ငင် အူလိုက်ကြသည်။

ဘာပဲဖြစ်ဖြစ် အမေ့ကို ဘုရားတရားနှင့် တည်ငြိမ်အေးချမ်းစွာ တွေ့ရသည့်အတွက် သူကျေနပ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# ဇာတ်သိမ်း

# လွင့်ပါးသွားသော ဝိညာဉ်ကလေး

မြမိုးစက်က ဝရန်တာမှာထိုင်ပြီး လမ်းမဘက်ဆီသာ ငေးနေမိသည်။

သူ ဘယ်တော့ ပြန်လာမှာလဲ. . .။

ပြန်လာဦးမှာပါ. . .။

မြမိုးစက်စိတ်ထဲ သူပြန်လာဦးမယ်လို့ ယုံကြည်နေခဲ့သည်။

သူ့ကို စိတ်ထဲ ဘယ်လောက်တောင် စွဲလန်းမိသလဲဆို. .



www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်မက်တောင် မက်သည်။

မနက်ဖြန်မနက် ငါးနာရီမှာ ဘုရားမှာ သူစောင့်နေမယ်တဲ့. . .။

ရှုးသွပ်တယ်ပဲပြောပြော မြမိုးစက်ကတော့ အိပ်မက်ကို ယုံကြည်မှုထားသည်။ အိပ်မက်ထဲမှာ သူပြောတဲ့အတိုင်း မနက်ဖြန်မနက် ငါးနာရီ ဘုရားကိုသွားမည်။

လမ်းမဘက်ကို မျှော်ငေးနေမိဆဲ၊ သူနှင့် ရုပ်ချင်းအတော်ဆင်သော အမျိုးသမီးကြီးတစ်ဦး အိမ်ဆီသို့ တရွေ့ရွေ့ လာနေသည်ကို တွေ့ရသည်။

အမျိုးသမီးကြီး၏ရုပ်အဆင်းမှာ ငြိမ်းချမ်းလှပါသည်။

ကမ္ဘာနှင့် တစ်နည်းတစ်ဖုံတော့ တော်စပ်ရမည်ဟု တွေးမိပြီး သူမ အိမ်တံခါးဝဆီ အပြေးအလွှား ထွက်မိသည်။

မြမိုးစက် တံခါးကို အလျင်စလို ဖွင့်ပေးလိုက်မိသည်။

အမျိုးသမီးကြီးက သူမကို နူးညံ့စွာ ပြုံးပြလေသည်။

သေချာပါပြီ၊ ကမ္ဘာ့မေမေပဲ ဖြစ်ရမယ်၊ ပြုံးပုံချင်းက အစတူလိုက်တာ. . .။

"ဒေါ်ဖြူဖြူအေးအိမ် ဟုတ်ပါတယ်နော်၊ အကြားအမြင်ဆရာမကြီး ဒေါ်ဖြူဖြူအေးလေ"

"ဟုတ်ပါတယ်ရှင်. . အန်တီရှိပါတယ်၊ ခဏလေး စောင့်ပါနော်၊ အန်တီ့ကို သွားခေါ်ပေးပါ့မယ်"

ဒီအချိန်ဆို အန်တီ ဘုရားရှိခိုးတတ်သည်မို့ မြမိုးစက်က ဘုရားခန်းဆီ လိုက်သွားသည်။ တိုက်ဆိုင်စွာပင် အန်တီက ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုး၍ပြီးပြီဖြစ်သည်။

"ညော့်သည်ရောက်နေတယ် အန်တီ၊ ကမ္ဘာ့အမေလား မသိဘူး၊ ကမ္ဘာနဲ့ အတော်တူတယ်"

"ဒီနေ့ အိမ်မှာ လူစုံကြလိမ့်မယ်"

အန်တီကြီးက တွေးတွေးဆဆ ပြောသည်။

အန်တီကြီးရဲ့မျက်နှာမှာ ကြည်လင်သော်လည်း မှိုင်းညို့၍နေသည်။ တစ်စုံတစ်ခုအတွက် ကျေနပ်သော်လည်း စိတ်မကောင်းလည်း ဖြစ်နေသေးသည့် အရိပ်အငွေ့များဖြစ်သည်။

အန်တီကြီးက ညော့်သည်အမျိုးသမီးကြီးရှေ့ ဝင်ထိုင်ကာ ရင်းနှီးသော မိတ်ဆွေများလို လှိုက်လှိုက်လှဲလှဲ ဆက်ဆံလေသည်။

"ပြောပါဦး အစ်မ၊ ကျွန်မဆီ ဘာကိစ္စနဲ့ ရောက်လာခဲ့သလဲဆိုတာ၊ လိုအပ်တဲ့အကူအညီရှိရင် ကျွန်မ ပေးဖို့အသင့်ပါပဲ"

အမျိုးသမီးကြီးမှာ စကားစဖို့ ခက်နေသလိုရှိပြီး. . .

"အဲ. . ပြောရရင် တစ်မျိုးတော့ မထင်ပါနဲ့နော်၊ ကျွန်မ အကြားအမြင် လာမေးဖို့ မဟုတ်ပါဘူး၊ ညက အိပ်မက်,မက်လို့ပါ။ အိပ်မက်ထဲမှာ သားလေးက အစ်မအိမ်ကို ညွှန်ပြတယ်၊ အစ်မ အိမ်ကို လာခဲ့ပါတဲ့၊ အိပ်မက်က ထူးဆန်းလွန်းလို့ ကျွန်မ မရောက်ရောက်အောင် လာခဲ့တာပါ"

အန်တီကြီးက နားလည်သောအပြုံးမျိုး တစ်ချက်ပြုံးလိုက်သည်။

"အစ်မကြီးသားက ဘယ်သူပါလိမ့်၊ နာမည်လေး တစ်ဆိတ်လောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဟုတ်ပါရဲ့၊ ပြောပြဖို့ မေ့နေတယ်၊ သားလေး နာမည်က ကမ္ဘာပါရှင်"

မြမိုးစက်က ထင်ကြေးမှန်သွားသည့်အတွက် ကျေနပ်စွာ ပြုံးလိုက်သည်။

ကမ္ဘာ့အမေက ကမ္ဘာ့အကြောင်းတွေ ဆက်ပြောပြနေခဲ့ သည်။

"သားလေးက ဖားကန့်မှာ ကျောက်သွားတူးနေတာပါ၊ တစ်နှစ်လောက်ရှိပြီ၊ အဆက်အသွယ်လဲ မရပါဘူး. . ၊ ညကမှ အိပ်မက်မက်တော့ ထူးဆန်းလိုက်တာလို့ တွေးမိပြီး ကျွန်မ အရောက်လာခဲ့ရတာ၊

အစ်မကြီး စဉ်းစားကြည့်လေ၊ ကိုယ်တစ်ခါမှ မသိမမြင်ဖူး တဲ့ လူတစ်ယောက်ရဲ့အိမ်ကို လာခဲ့ပါလို့ အိပ်မက်ထဲမှာ သေသေ ချာချာ ညွှန်ပြတာကို မက်တာဟာ အကြောင်းတော့ ရှိရမယ်"

အန်တီကြီးက ခေါင်းတဆတ်ဆတ် ညိတ်ကာ. . .

"ဟုတ်ပါတယ်. . . ကမ္ဘာက ကျွန်မဆီ အကူအညီ တစ်ခု တောင်းထားတယ်၊ ကျွန်မ ကူညီမှာပါ၊ ဒီလိုအကူအညီမျိုးတွေ ကျွန်မ မကြာခဏ အကူအညီ ပေးနေကျပါ၊ ကျွန်မ ကူညီလိုက်လို့ သူတို့တွေ အဆင်ပြေသွားကြရင် စိတ်အေးချမ်းသာသွားရင် ကျွန်မ သိပ်ကြည်နူးပါတယ်"

ကမ္ဘာ့အမေက အန်တီကြီးရဲ့စကားကို နားလည်ပုံမရသော် လည်း စိတ်ဝင်တစား နားထောင်နေပါသည်။

"ကမ္ဘာကတော့ သားလိုပါပဲ၊ ဒီအိမ်မှာ ငင်ထွက်စား



www.burmeseclassic.com

www.burmeseclassic.com



သောက်နေတာပါ၊ သိပ်လိမ္မာပါတယ်၊ အပြစ်ပြောစရာမရှိတဲ့ ကလေးပါ"

"အို. . အစ်မဆီ သားလေး ရောက်လာခဲ့တယ် ဟုတ်လား၊ ကျွန်မဆီတော့ ရောက်မလာခဲ့ဘူး. . . ဘာလို့ပါလိမ့်"

အန်တီကြီးရဲ့မျက်နှာမှာ မသိမသာ ပျက်ယွင်းသွားပါသည်။ စိတ်မကောင်းလည်း ဖြစ်သွားပုံရပါသည်။

"လာပါတယ်. . . အစ်မ မသိလို့ ဖြစ်ပါလိမ့်မယ်"

ကမ္ဘာ့အမေက ခဏစဉ်းစားနေလိုက်ပြီး. . .

"ညဦးပိုင်း ကျွန်မ ဘုရားရှိခိုးနေတုန်းကတော့ စိတ်ထဲ သားလေးကို အတော်သတိရနေမိတယ်၊ ညကျတော့ ဒီကိုလာခဲ့ဖို့ အိပ်မက်မက်တော့တာပဲ၊ သားလေး ကျွန်မဆီ လာလို့မရအောင် ဘေးဆိုးအန္တရာယ်ဆိုးများ တွေ့နေရလားဟင်၊ ပြောပြပါ. . . အစ်မကြီးရယ်. . . ကယ်ပါဦး"

ကမ္ဘာ့အမေမှာ အိမ်ပြန်မလာနိုင်သော သားအတွက် စိုးရိမ်သောကနှင့် ပျာယာခတ်သွားသည်။

"သိပ်လဲ စိတ်မပူပါနဲ့ အစ်မကြီးရယ်၊ အစ်မသား ကမ္ဘာ ဘာမှမဖြစ်ပါဘူး၊ ခဏလေးစောင့်ပါ၊ ဧည့်သည်တစ်ယောက် ရောက်လာပါလိမ့်မယ်၊ သူရောက်လာရင် အားလုံး အကျိုးအကြောင်း သိရမှာပါ"

အန်တီကြီး ပြောနေရင်းမှာပင် တံခါးခေါက်သံ ကြားရတော့သည်။

"ဒေါက်!. . ဒေါက်!. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ပြောရင်းဆိုရင်းနဲ့ ရောက်လာပြီနဲ့ တူပါရဲ့"

မြမိုးစက်က အလျင်စလို တံခါးထဖွင့်ပေးလိုက်မိသည်။

ဝင်လာသောသူမှာ ခရီးပန်း နွမ်းနယ်နေဟန်ရပါသည်။ မြမိုးစက်တို့နှင့် အရွယ်မတိမ်းမယိမ်း လူငယ်တစ်ယောက်ပင် ဖြစ်ပါသည်။

"ဘာကိစ္စရှိလို့ပါလဲကွယ်"

ထိုလူက အားတုံ့အားနာ ဖြစ်နေသလိုနှင့် စကားစရ ခက်နေပုံ ရပါသည်။

"ပြောပါကွယ်. . . အားမနာပါနဲ့၊ ခရီးဝေးက လာရတာ အကြောင်းကိစ္စတော့ ရှိမှာပေါ့"

"ကျွန်တော့်ကို ဒီကိုလာခဲ့ဖို့ အိပ်မက်ပေးလို့ ရောက်ခဲ့ရတာပါ အန်တီ၊ ဟို. . . အဲ. ."

"ဟုတ်ပါပြီ. . . သားကို ဘယ်သူက အိပ်မက်ပေးတာလဲ. . . ပြောပြပါဦး"

ထိုလူက ခေါင်းငိုက်စိုက်ချလိုက်ပြီး စိတ်မကောင်းဖြစ်ဟန်နှင့်. . .

"ကမ္ဘာပါ. . . ကျွန်တော့်သူငယ်ချင်းပါ"

"အို!. . ."

ကမ္ဘာ့အမေနှင့် မြမိုးစက်တို့ထံမှ အာမေဋိတ်သံပြိုင်တူ ထွက်သွားသည်။

"သူ. . . သူ. . ခုဘယ်မှာလဲဟင်"

"သားလေး. . . သားလေးက အခုဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြမိုးစက်တို့ နှစ်ယောက်လုံး အလျင်စလို မေးလိုက်မိသည်။

"အဒေါ်က ကမ္ဘာ့အမေပါကွယ်..၊ သားလေး ဘေးအန္တရာယ်များ ကြုံနေရသလားလို့ စိတ်ပူနေတာ၊ အဒေါ့်ကို ပြောပြစမ်းပါဦး"

ထိုလူက ကမ္ဘာ့အမေမျက်နှာကို မကြည့်ရက်သလို မျက်နှာလွှဲသွားသည်။

ထိုလူ့မျက်လုံးအိမ်များထဲတွင် မျက်ရည်ကြည်တို့ ပြည့်လျှံလာပြီး တုန်ရီသောအသံဖြင့် တိုးတိုးပြောလိုက်သည်။

"ကမ္ဘာ...ကမ္ဘာ..ဆုံးသွားပါပြီ အန်တီ"

"ဟင်!!..."

"ဘယ်လို!!.."

ကမ္ဘာ့အမေ အံ့သြတကြီး ငြိမ်ကျသွားခဲ့ပါသည်။

မြမိုးစက်မှာလည်း ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်သွားရပြီး ထိုလူ့ပခုံးကို သတိလက်လွတ် ကိုင်လှုပ်နေမိလျက်..

"မဖြစ်နိုင်တာ...ကျွန်မနဲ့ အမြဲတွေ့နေတာပဲ၊ မတွေ့ရတာ ရက်ပိုင်းပဲ ရှိသေးတယ်"

မြမိုးစက်သည် ပြောရင်းက ခုရက်ပိုင်း သူပျောက်နေတာကို သတိရလိုက်မိကာ စိုးရိမ်စိတ်က ရင်ထဲ ဒိန်းခနဲ ဆောင့်တက်သွား၏။

"နေ...နေပါဦး၊ သူ...သူ ဘယ်နေ့ကများ.."

မြမိုးစက်မှာ မေးလိုသော်လည်း စကားက ရှေ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



မထွက်. . ။

ထိုလူက ယူကြုံးမရဟန်နှင့် အံကိုကြိတ်ကာ မျက်နှာကို တစ်ဘက်လှည့်ပြီး. . .

"သူဆုံးတာ တစ်လလောက် ရှိသွားပါပြီ၊ အတိအကျ ပြောရရင် မနက်ဖြန် တစ်လပြည့်မှာပါ"

"ဟင်!. . ."

"မဖြစ်နိုင်တာ. . . လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်မနဲ့ အမြဲတွေ့ နေတာပဲဥစ္စာ၊ ရှင်ညာတာ. . . ရှင်ညာနေတာ၊ ရှင် ဒီကို ခုလိုလာ ပြီး ဘာကိစ္စနဲ့ လာညာနေတာလဲ၊ ရည်ရွယ်ချက်တော့ ရှိရမယ်. ."

မြမိုးစက်မှာ ဒေါသတကြီး အော်ဟစ်ရန်တွေ့လိုက်သည်။

ထိုလူက ရန်ပြန်မတွေ့ဘဲ ခေါင်းငိုက်စိုက်ချကာ မျက်နှာကို လက်ဝါးပြင်နှစ်ဘက်ထဲ မှောက်ထားသည်။

ထိုလူ့ကျောပြင်မှာ တသိမ့်သိမ့် ခါနေသည်။

အသံမထွက်အောင် ထိန်းချုပ်ငိုကြွေးနေပုံမျိုးဖြစ်သည်။

အန်တီကြီးက မြမိုးစက်ရှိရာဆီ ထိုင်ရာမှ အသာထလာ ကာ သူမရဲ့ပခုံးသားများကို ညင်သာစွာ ပုတ်လျက် နှစ်သိမ့်ပေးပါ သည်။

"ဟုတ်တယ် သမီး၊ သူပြောတာ အမှန်ပဲ၊ ကမ္ဘာဆိုတာ သက်ရှိထင်ရှား မရှိတော့တဲ့ လူတစ်ယောက်ပါ"

"ဟင်. . . ဒါဆို သမီးတို့ တွေ့ခဲ့တဲ့ကမ္ဘာက. . ."

အန်တီကြီးရဲ့မျက်လုံးအိမ်ထဲတွင် မျက်ရည်တို့ ပြည့်လျှံ လာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ. . . အဲ့ဒါ ဝိညာဉ်ပါကွယ်၊ ကမ္ဘာအစစ် မဟုတ်ပါဘူး၊ အန်တီ့ကို အကူအညီတောင်းလို့ အန်တီ လက်ခံထားရတာ"

ဝိညာဉ်. . .။ သူမ ချစ်ခဲ့မိတဲ့ကမ္ဘာဟာ ဝိညာဉ်ပေါ့. . .။

အို. . . မဖြစ်နိုင်တာ။ မယုံဘူး. .။

မြမိုးစက်သည် ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေရသည်။

"သမီး သေသေချာချာ စိတ်အေးအေးထားပြီး ပြန်စဉ်းစားကြည့်စမ်း၊ သမီး ကမ္ဘာ့ကိုတွေ့ရင် ဘယ်အချိန်တွေ တွေ့ရလဲ၊ မှောင်ရီပျိုးစအချိန်နဲ့ မနက်ဝေလီဝေလင်းအချိန်မို့လား၊ သူက ဝိညာဉ်ဆိုတော့ နေ့ဘက်ဆို မမြင်တွေ့နိုင်ဘူးလေ"

"ပြီးတော့ သမီး သူ့အသားကို ထိလို့ရသလား၊ မရဘူး မဟုတ်လား၊ ဟိုတစ်နေ့ညက သမီးတို့အဖြစ်ကို သနားလွန်းလို့ မကြည့်ရက်လွန်းလို့ မိစံကိုခေါ်ပြီး သူ့ဝိညာဉ်သွင်းပေးခဲ့တာ"

အန်တီကြီးမှာ ပြောရင်း အသံတို့ ဆို့နစ်ဝင်သွားကာ. . မြမိုးစက်ကို ဖက်ပွေ့ထားလျက် ငိုပါလေတော့သည်။

သူမတို့အနားကို ကမ္ဘာ့အမေပါ ရောက်လာကာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

"သားလေးရယ်. . . အမေ့မှာ သားတစ်ယောက်ထဲရှိတာ၊ အမေ ဘယ်လိုဖြေလို့ရမှာလဲကွယ်"

အားလုံးငိုကြွေးနေကြသော အခြေအနေကို ပြန်ထိန်းလိုက်နိုင်သူမှာ ဒေသ့်သည်လူငယ်ပဲ ဖြစ်ပါသည်။

"ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ ပြောပြပါရစေခင်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာဟာ ကျွန်တော့်လက်ပေါ်မှာပဲ ဆုံးသွားခဲ့ရတာပါ။ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ပြီး ဆုံးခဲ့ရတာပါ။

သူ မဆုံးခင် စုထားခဲ့တဲ့ငွေတွေ ကျွန်တော် သေသေချာချာ ထိန်းသိမ်းထားခဲ့ပါတယ်၊ အဲ့ဒါ အဒေါ့်ကို လာအပ်တာပါ"

ထိုလူက ကမ္ဘာ့အမေရှေ့ ရို့ရို့ကျိုးကျိုးထိုင်ကာ ပိုက်ဆံထုပ်ကို အပ်သည်။ ကမ္ဘာ့အမေမှာ ရှိုက်ကြီးတငင် ငိုချပါလေတော့သည်။

"အံမယ်လေး. . . ငါ့သားရယ်၊ သေတဲ့အထိ အမေ့ကို လုပ်ကျွေးသွားတာလား၊ ဒီငွေကို အမေ ဘယ်လိုစားရက်မှာလဲ၊ အမေ ဘယ်လိုမျိုကျမှာလဲ"

ကမ္ဘာ့အမေမှာ ပိုက်ဆံများကို ရင်ဘတ်တွင် ဖိကပ်ကာ ဖြေဆည်မရ ဖြစ်နေသည်။

မြမိုးစက်တို့မှာလည်း ကမ္ဘာ့အမေကို ကြည့်ကာ ယူကြုံးမရ ဖြစ်လာတော့သည်။

"သားလေး. . အမေ့ကို လုပ်ကျွေးတဲ့သားလေး၊ မွေးကတည်းက တစ်ခါမှ ဒုက္ခမပေးဖူးတဲ့ အမေ့သားလေး၊ ကောင်းရာသုဂတိရောက်အောင် ဒီငွေကို အမေ အလှူဒါန လုပ်ပေးပါ့မယ်ကွယ်၊ အမေလှူပေးပါ့မယ်. . ."

အန်တီကြီးက ကမ္ဘာ့အမေလက်ကို ဆုပ်ကိုင်ကာ. . .

"ကမ္ဘာဟာလေ. . . သိပ်စိတ်ကောင်းရှိတယ်၊ အမေ့ကိုလည်း စိတ်မချရှာဘူး၊ အမေကို လုပ်ကျွေးပြုစုမယ့်သူ မရှိမှာ သူ သိပ်ပူရှာတာ. .၊ သူ့ချစ်သူကိုလည်း အနှောင့်အယှက်မရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင် စောင့်ရှောက်ကာကွယ်ပေးခဲ့တယ်၊ အန္တရာယ်တွေ ရှင်းပေးခဲ့တယ်. . .၊

အမေ့အပေါ် စွဲလန်းတဲ့စိတ်၊ ချစ်သူအပေါ် စွဲလန်းတဲ့စိတ်ကြောင့် သူ့ခမျာလေး ဘဝမကူးနိုင်ရှာသေးတာ၊ သူ ဘဝကူးကောင်းအောင် ကျွန်မတို့ ဝိုင်းပြီးလုပ်ပေးကြတာပေါ့"

"ဟုတ်ကဲ့ပါ အစ်မကြီးရယ်၊ သားလေး ရှာခဲ့တဲ့ ဒီငွေနဲ့ အလှူလုပ်ဖို့ ကျွန်မ ဆုံးဖြတ်ပြီးသားပါ။ ဒီလောက် ငွေအများကြီး ကျွန်မအတွက် မလိုအပ်ပါဘူး"

မြမိုးစက်သည် မျက်ရည်များကို သိမ်းလျက် ကြေကွဲနင့်ဆွေးစွာ ဝင်ပြောလိုက်သည်။

"ကမ္ဘာက မနက်ဖြန်မနက်ငါးနာရီ ဘုရားမှာ သူစောင့်နေမယ်တဲ့၊ သမီးကို အိပ်မက်ပေးထားတယ်"

"မနက်ဖြန် မနက်ငါးနာရီ ဟုတ်လား၊ တို့တွေ အတူတူသွားကြတာပေါ့။ ကမ္ဘာ့အတွက် ကောင်းမှုကုသိုလ်တွေ ဝိုင်းလုပ်ပေးရအောင်၊ တစ်ခုခုတော့ ထူးခြားမှာပါ. .၊ အဓိက,က သူ့အတွက် ကောင်းမှုကုသိုလ် ပြုလုပ်ပေးတဲ့အခါ. . ပူဆွေးသောကကို တတ်နိုင်သမျှ ထိန်းထားနိုင်ဖို့လိုတယ်၊ ကိုယ်က ပူဆွေးနေရင် သူ နောက်ဆံတင်းနေပါလိမ့်မယ်"

အန်တီကြီးရဲ့သတိပေးစကားကို မြမိုးစက်ရော ကမ္ဘာ့အမေပါ အသေအချာ မှတ်သားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရင်ပြင်ပေါ်မှာ နှင်းမြူတို့ ဆိုင်းနေသည်။

အေးမြသောလေပြည်ကြောင့် စိတ်နှလုံးမှာ လန်းဆန်းလာသည်။

ဆည်းလည်းသံ လွင်လွင်က တရားပြပေးနေသယောင်ယောင်. . .။

ပူဆွေးသောကတို့ ချုပ်ငြိမ်းနိုင်သောနေရာမှာ ဘုရားရိပ်တရားရိပ်သာ ရှိပါတကား။

ဘုရားမှာ သူမတို့တတွေ ကမ္ဘာ့အတွက် ရည်စူးကာ ရွှေသင်္ကန်း၊ ပန်းရေချမ်း၊ ဆီမီး အမွှေးနံ့သာတိုင်များ ကပ်လှူပေးကြသည်။

တနလ်ာနာမ် ဂြိုဟ်ထောင့်မှာ သူမတို့တတွေ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကမ္ဘာ့ကို အမျှပေးဝေရအောင်၊ အစ်မကြီးက အလှူကို သီးသန့်ထပ်လုပ်ချင်လုပ်ဦးပေါ့၊ အခုကတော့ ကျွန်မတို့ တတွေ စုပေါင်းပြီး ဒါနပြုပေးတာပေါ့နော်"

ကမ္ဘာ့အမေက အန်တီကြီးကို ခေါင်းညိတ်ပြသည်။

ကမ္ဘာ့အမေမျက်နှာမှာ မနေ့ကလို ပူဆွေးမှုတွေ မျက်ရည်စတွေ ရှိမနေတော့. . ။ အေးမြကြည်လင်လျက်ရှိသည်။

"သားလေး ကမ္ဘာရေ. . . အမေတို့ သားအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပေးပါတယ်၊ အမေတို့ ပြုလုပ်သမျှ ကောင်းမှုကုသိုလ် အစုစုကို အမေတို့နဲ့ ထပ်တူထပ်မျှ ငါ့သားလေး ရရှိပါစေ၊ အမျှပေးဝေပါတယ်၊ သားလေး ရောက်ရာ အရပ်က သာခုခေါ်ပါ"

"အမျှ. . . အမျှ. . . အမျှ"

"သာဓု. . . သာဓု. . . သာဓု"

အို!. . . ။

ကမ္ဘာ့အသံ. . ။

ကမ္ဘာ့အသံမှ ကမ္ဘာ့အသံအစစ်. . ။

အသံမှာ ပကတိ ကြည်လင်ငြိမ်းချမ်းလျက်ရှိသည်။

သူမတို့အားလုံး အံ့အားသင့်နေကြတုန်း နှင်းမြူများကြား တွင် ပြုံးရိပ်သမ်းကာ အေးချမ်းလျက်ရှိသော ကမ္ဘာ့ရုပ်သွင်က ဝိုးတဝါး ပေါ်လာသည်။

သို့သော်. . . သူမတို့အားလုံး အထင်အရှား မြင်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာက အမေ၊ မြမိုးစက်၊ အန်တီတို့ကို တစ်ယောက်ချင်းစီ နှုတ်ဆက်သလို ပြုံးလျက်ကြည့်သည်။

နောက်ဆုံး. . သူ့အမေ့ကို လက်အုပ်ချီကာ တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားလေသည်။

သူမတို့အားလုံး အေးမြကြည်စင်စွာ ပြုံးနေမိကြသော်လည်း. . .

မျက်ဝန်းများမှာတော့ ကိုယ်စီကိုယ်စီ. . . . ။ ။



www.burmeseclassic.com